ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ စနေနေ့၊ (15-11-2003) (၄၀၅၅)

သမဏာနဉ္စ ဒဿနံ
တေံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော
မင်္ဂလာ မည်၏။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

ရန်ကုန်　　နိုဝင်ဘာ　　၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Bai Enpei နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun လည်း တက်ရောက်သည်။　　　(သတင်းစဉ်)

ဂါရဝပြု တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Bai Enpei နှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက် ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်(အပေါ်ပုံ)**နှင့် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Bai Enpei က ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။**　(ဝဲပုံ)　　(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၅-၁၁-၂၀၀၃
(စနေနေ့)

စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး အကျိုးပြု ဘက်စုံစီမံကိန်းပြီးစီးရေး ကြိုးပမ်းအားထုတ်

မြန်မာနိုင်ငံသည် ရေမြေသဘာဝကောင်းမွန်သဖြင့် စိုက်ပျိုးရေး ဖြစ်ထွန်းသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သီးနှံမျိုးစေ့များ၊ စိုက်ပျိုးရေးနည်းစနစ်များကို အဘက်ဘက်မှ အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် ဆည်တမံများတည်ဆောက်ပေးခြင်း၊ မြေအောက်ရေရရှိရေး၊ မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ခြင်း စသည့် နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

အချို့ဒေသများတွင် ရေ၊ မြေသဘာဝအခြေအနေပေးမှုများအရ စိုက်ပျိုးရေးအတွက်သာမက ရေအားလျှပ်စစ်ပါ ထုတ်လုပ်ပေးနိုင်မည့် ဘက်စုံစီမံကိန်းများကိုပါ တည်ဆောက်လျက်ရှိသည်။ အဆိုပါ ဘက်စုံစီမံကိန်းများ တည်ဆောက် ပြီးစီးလာသည်နှင့်အမျှ သက်ဆိုင်ရာ ဒေသများအတွင်း သီးနှံစုံစိုက်ပျိုးရေးကို ပိုမိုအကျိုးပြုလာနိုင်မည် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာလ ၁၂ရက်နေ့က မကွေးတိုင်း၊မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပင်မရေလှောင်တမံ၊ ရေလွှဲဥမင်လိုဏ်၊ ရေအားလျှပ်စစ်ဥမင်လိုဏ်နှင့် ရေပိုလွှဲတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရေလွှဲအဆောက်အအုံ၌ ဂိတ်တံခါးနှင့် လျှပ်စစ်စက်မှုဆက်နွယ်သော လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဖိအားမြင့်ပိုက်လိုင်းများတပ်ဆင်ခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မြို့ပြလုပ်ငန်းများ၊ တာဘိုင်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံသည် အလျားပေ ၆၄၉၀၊ တမံအမြင့်မှာ ပေ ၂၀၀ ရှိမည်ဖြစ်ရာ စီမံကိန်း ပြီးစီးပါက စိုက်ပျိုးမြေဧက တစ်သိန်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်သည်။

ထို့အပြင် မုန်းချောင်းရေအားလျှပ်စစ်စက်ရုံတွင် တစ်လုံးလျှင် ၂၅ မဂ္ဂါဝပ်အားရှိသည့် တာဘိုင်စက်သုံးလုံးတပ်ဆင်ပြီး ရေအားလျှပ်စစ်မှ နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည်။

မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းသည် မကွေးတိုင်းအတွင်း တည်ရှိသဖြင့် မိုးရာသီတွင် စိုက်ပျိုးသီးနှံများ မိုးရေလုံလောက်စွာ မရရှိပါက မဲဇလီရေလွှဲဆည်နှင့် ထိန်းညှိထုတ်လွှတ်ဖြည့်ဆည်းနိုင်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့် မုန်းချောင်းရေကြီးမှုတို့မှ ကာကွယ်နိုင်ရေးတို့အတွက် တည်ဆောက်ခြင်းဖြစ်သည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတွင် အဓိကဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍမှ ဆန်စပါး ပိုလျှံထွက်ရှိရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန်ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်လျက်ရှိချိန် ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားရေး၊ စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုမြင့်မားရေးတို့တွင် ထိရောက်စွာ အကျိုးပြုနိုင်မည့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို သတ်မှတ်လျာထားချက်နှင့်အညီ တည်ဆောက်ပြီးစီးစေရေးအတွက် တာဝန်ရှိသူအသီးသီးက ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

တိုင်းမှူးနှင့်ဒုတိယမြို့တော်ဝန် ဆိပ်ကြီးခနောင်တိုမြို့နယ် သွားရောက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေးပြီး ဆွေးနွေးမှာကြား

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၁ရက် ညနေပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ သွားရောက်ပြီး ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့ ဆိပ်ကြီးအရှေ့ရပ်ကွက်သို့ရောက်ရှိပြီး စည်ပင်သာယာရေးဦးစီးဌာနမှ တူးဖော်ထားသည့် လေးလက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့်ရေဂါလန်တစ်ထောင်ဆံ့ ရေကန်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဆက်လက်၍ ဆိပ်ကြီးခနောင်တိုမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သောလူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ရေး၊ နိုင်ငံတော်မှ ခွင့်ပြုပေးထားပြီးဖြစ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး တိုးချဲ့ဆောင်ရွက်ရေးတို့ကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဆိပ်ကြီး ခနောင်တိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အတွင်းရှိ လွန်းကျင်းလုပ်ငန်းရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ ဒေါ်နွဲ့နွဲ့ရီ နဝရတ်လွန်းကျင်းက ငွေကျပ် ၁၅သိန်းအပါအဝင် အလှူရှင် ၂၄ဦးတို့က အလှူငွေ စုစုပေါင်း ကျပ် ၉၆၃၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဆိပ်ကြီးရပ်ကွက်အနီး လှိုင်မြစ်တစ်ဖက်ကမ်းရှိ ရပ်ကွက်များနှင့် ကျေးရွာချင်းဆက် လမ်းအရှည် ပေ၁၅၃၇၀နှင့်အကျယ်၁၈ပေရှိ မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းပေါ်ရှိ တံတားများ အမြန်တည်ဆောက်ရေး၊ ဂဝံလမ်းခင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ဆိပ်ကြီးရပ်ကွက် မဏ္ဍာရီကာ ကျောင်းတိုက်၌ ဒေသခံပြည်သူများအား တွေ့ဆုံရာ ရှေးဦးစွာ ကြည့်မြင်တိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းက လှိုင်မြစ်တစ်ဖက်ကမ်းရှိ ရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ရပ်ကွက်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း တည်ရှိသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဖြည့်ဆည်း ဆောင်ရွက်ပေးမည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ရပ်ကွက်များအား လှိုင်မြစ်အရှေ့ခြမ်းရှိ ရန်ကုန်မြို့နှင့် ကွာဟမှုနည်းနိုင်သမျှ နည်းရန် ပညာရေး၊ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လူမှုဝန်ထမ်းသမိုင်း စာအုပ်ထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၁၄

လူမှုဝန်ထမ်းဦးစီးဌာနက နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် မြန်မာနိုင်ငံ လူမှုဝန်ထမ်းသမိုင်းကို ဖြန့်ချိထားသည်။

အဆိုပါ သမိုင်းစာအုပ်တွင် ရှေးမြန်မာမင်းများခေတ်မှ မျက်မှောက်ကာလသို့တိုင် ခေတ်အဆက်ဆက် လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများကို သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများနှင့်တကွ ခေတ်ကာလများပိုင်းခြား၍ ဖော်ကျူးတင်ပြထားသည်။ ယင်းသမိုင်းစာအုပ်ကို လူမှုဝန်ထမ်းဦးစီးဌာန ရုံးချုပ်-ဖုန်း-၆၆၃၉၇၀၊ ၆၆၂၅၈၅၊ ကုန်သည်လမ်း စာပေဗိမာန်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်တို့တွင် ဝယ်ယူနိုင်သည်။

(ဝဲပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံ သူနာပြုအသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံ သူနာပြုအသင်း၏ (၂၂)ကြိမ်မြောက် သူနာပြုသက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၂၂ ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သူနာပြုသင်တန်းကျောင်းရှိ သူနာပြုအားကစားခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ပူဇော်ကန်တော့ခံမည့် သူနာပြုကြီးများထံ ဖိတ်ကြားစာများ ပေးပို့ထားပြီး အလှူငွေ၊ အလှူပစ္စည်းထည့်ဝင် လှူဒါန်းလိုသူများဖုန်း-၆၄၃၇၂၈၊ ၅၃၇၉၂၁နှင့် ၂၈၆၉၆၆တို့သို့ ဆက်သွယ်စုစမ်းပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒါတွေကို သိဖို့လိုတယ်

✳ မြောက်တိုင်းလည်း မမြောက်နဲ့
✳ ခြောက်တိုင်းလည်း မကြောက်နဲ့
✳ ချော့တိုင်းလည်း မပျော့နဲ့

အီရတ်နိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ရန် အီရတ်ဆိုင်ရာ အုပ်ချုပ်ရေးကောင်စီ အကြီးအကဲ ပေါလ်ဘရီမာသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ပြီး အစိုးရတာဝန်ရှိသူများနှင့်လည်းကောင်း၊ အောက်လွှတ်တော်အမတ်များနှင့်လည်းကောင်း တွေ့ဆုံမှုများ ပြုလုပ်လျက်ရှိသည်။

အီရတ်နိုင်ငံသည် အချုပ်အခြာအာဏာ ပြန်လည်ပိုင်စိုးမှုရှိရန် အုပ်ချုပ်ရေးကောင်စီက လိုလားလျက်ရှိသည်။ ထိုစဉ်အတွင်း ဥရောပခေါင်းဆောင်များကလည်း အီရတ်ပြည်သူလူထုထံ အချုပ်အခြာအာဏာ အမြန်ဆုံး ပြန်လည်အပ်နှင်းပေးရန် တောင်းဆိုလျက်ရှိသည်။

အီရတ်နိုင်ငံတောင်ပိုင်း နာဆရီယာမြို့ရှိ အီတလီစစ်ရဲတပ်ဖွဲ့ဌာနချုပ်တည်ရှိရာ အဆောက်အအုံကို နိုဝင်ဘာ ၁၂ ရက်က ဖြစ်ပွားသည့် အသေခံကားဗုံးဖောက်ခွဲမှုဖြစ်ရပ်အပြီး တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror အီရတ်မြင်ကွင်း

ခုခံတိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန်ပေါ်ပေါက်

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် ၁၀ ရက်တာကာလအတွင်း ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၄၀ နီးပါး သေဆုံးခဲ့ရသည့်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ရခြင်းကြောင့် အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ထားသော အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့သည် ခုခံတိုက်ခိုက်ရေးသမားများအား ပိုမိုနှိမ်နင်းနိုင်မည့် စစ်ဆင်ရေးလုပ်ငန်းများကို ချမှတ်လုပ်ဆောင်သွားရန် အစီအစဉ်များ ရေးဆွဲချမှတ်လျက်ရှိသည်။ မြို့တော်ဘဂ္ဂဒက် မြောက်ဘက်နှင့် အနောက်ဘက်ဒေသများသည် ဆက်ဒမ်ဟူစိန်အားသစ္စာခံသူများ၏ ခြေကုပ်ယူရာဒေသဖြစ်ပြီး ယင်းဒေသများတွင် ခုခံတိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန်ပေါ်ပေါက်လျက်ရှိသည်။

အီရတ်နိုင်ငံ၏ ပင်မအချက်အချာ နယ်မြေဒေသများ တည်ရှိရာ တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်များအကြားရှိ နယ်မြေဒေသများတွင် ချုံခိုတိုက်ခိုက်မှုများ၊ လမ်းဘေးဗုံးထောင်မှုများ ပိုမိုဖြစ်ပွားလျက်ရှိသည်။ ယင်းနယ်မြေဒေသများတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ခုခံတိုက်ခိုက်မှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့ပြီး အမေရိကန် စစ်ရဟတ်ယာဉ်နှစ်စင်း ပစ်ချခံခဲ့ရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၂ ဦး သေဆုံးခဲ့ရသည်။

မြို့တော်ဘဂ္ဂဒက်တွင် လုံခြုံရေးကင်းလှည့်စောင့်ကြပ်နေသော အမေရိကန် စစ်ရဲတပ်ဖွဲ့မှ ဟမ်းဗီးမော်တော်ယာဉ်တစ်စီးကို နိုဝင်ဘာ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများသည် ပျက်ပြားမည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေခဲ့ရကြောင်း၊ **အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့က သိမ်းပိုက်အုပ်ချုပ်မှုကို ဆန့်ကျင်နိုင်ရန် လက်နက်ကိုင်**ခုခံသူဦးရေ မြင့်တက်လာနေကြောင်း အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရတ်လူမျိုး ခုခံတိုက်ခိုက်ရေးသမားများ ပုန်းခိုရာနေရာများ တည်ရှိသည်ဟု သင်္ကာမကင်းခံရသော ဘာကွေကာ ဆင်ခြေဖုံးဒေသ ဒိုင်လာမြစ်အနီးတစ်ဝိုက်ရှိ နေရာများတွင် အမေရိကန်ကြည်းတပ် အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များက ရှာဖွေမှုများ ပြုလုပ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပိတ်ဆို့ထား

အီရတ်နိုင်ငံ နာဆရီယာမြို့ရှိ အီတလီစစ်ရဲတပ်ဖွဲ့၏ ဌာနချုပ်အဆောက်အအုံကို နိုဝင်ဘာ ၁၂ ရက်က ကားဗုံးခွဲကာ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် အီတလီ လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာဒေသကို ပိတ်ဆို့ထားစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံတွင် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသော ခုခံတိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံသည် ဒုတိယမြောက် ဗီယက်နမ်စစ်ပွဲအသွင်ဆောင်လာပြီဟု အမေရိကန်နှင့် ဥရောပနိုင်ငံများမှ ပြည်သူလူထုအတွင်း စိုးရိမ်ပူပန်မှုများ ပေါ်ထွက်လျက်ရှိသည်။ လုံခြုံရေးအခြေအနေ ဆိုးရွားမှုကြောင့် အီရတ်ပြည်သူများမှာလည်း စိုးရိမ်ထိတ်လန့်စွာ နေထိုင်ကြရသည်။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် နိုဝင်ဘာ ၁၁ရက်က လမ်းဘေး၌ ထောင်ထားသော ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန် အမှတ်(၁) ယန္တရားတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးက ၎င်း၏ဌာနချုပ်နှင့် အဆက်အသွယ်ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် ပြောက်ကျားတို့၏ ခုခံတိုက်ခိုက်မှုများ မြင့်တက် ဘဂ္ဂဒက်မြို့တော်တစ်ခုလုံး ဗုံးပေါက်သံများ အဆက်မပြတ် ပွဲတင်ထပ်

ဘဂ္ဂဒက် နိုဝင်ဘာ ၁၃

နာဆရီယာရှိ အီတလီစစ်ရဲ အခြေစိုက်စခန်းကို ပြုတ်ပြုတ်ပြုန်းအောင် အသေခံဗုံးခွဲမှုကြောင့် သေဆုံးရသူ ၂၈ ဦး အပါအဝင် အီရတ်၌ ယမန်နေ့က လူ ၃၇ ဦး သေဆုံးသွားသည်။

ပွဲတင်ထပ်သွား

ဘဂ္ဂဒက်မြို့တော်တွင် ယမန်နေ့ညက မြို့တော်တစ်ခုလုံး၌ နှစ်ဒါဇင်ခန့်ရှိသော ဗုံးပေါက်သံများ အဆက်မပြတ် ပွဲတင်ထပ်သွားသည်။

ဖျက်ဆီးပစ်

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နှစ်ဦးကို သတ်ဖြတ်လိုက်ပြီး မြို့တော်အတွင်းရှိ အဆောက်အအုံတစ်ခုကို ဖျက်ဆီးပစ်လိုက်သည်။ အဆိုပါ အဆောက်အအုံမှာ ပြောက်ကျားတို့ အစည်းအဝေးပြုလုပ်ခြင်းနှင့် တိုက်ခိုက်ရေးအတွက် စီစဉ်ဆောင်ရွက်သည့် ချိန်းဆိုတွေ့ဆုံသည့်နေရာဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

သေဆုံး

ဖော်လူဂျာမြို့အနီး ဂျော်ဒန်အစိုးရ အကူအညီဖြင့် ဖွင့်လှစ်ထားသည့် ဆေးရုံအနီး၌ ဖြစ်ပွားသော တိုက်ပွဲတွင် အမေရိကန် လေထီးတပ်သားများ၏ ပစ်ခတ်မှုကြောင့် ယမန်နေ့က အီရတ်ခြောက်ဦးသေဆုံးပြီး အခြားလေးဦး ဒဏ်ရာရသွားသည်ဟု ပြောကြားသည်။

အီရတ်နိုင်ငံ မြောက်ပိုင်းမြို့တစ်မြို့ရှိ အမေရိကန်စစ်ဘက်ခြံဝင်းအတွင်း ဒုံးပစ်လောင်ချာနှင့်တကွ လက်နက်ငယ်များဖြင့် ပစ်သဖြင့် ပြည်သူ့စစ်အစောင့်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

စုတ်ပြတ်ပျက်စီး

နာဆရီယာ ဗုံးဖောက်ခွဲမှုကြောင့် ယူဖရေးတီးမြစ်ကမ်း မျက်နှာစာရှိ အီတလီစစ်ရဲဌာနချုပ်ဖြစ်သည့် သုံးထပ်ကွန်ကရစ်အဆောက်အအုံရှေ့ပိုင်းမှာ စုတ်ပြတ်ပျက်စီးသွားပြီး မော်တော်ကားများ မီးလောင်ကာ ထိုနေရာမှ မီးခိုးလုံးကြီးများ ကောင်းကင်သို့ တလိပ်လိပ်တက်သွားသည်။ သေဆုံးသူ ၂၈ ဦးအနက် ၁၇ ဦးမှာ အီတလီများဖြစ်သည်ဟု သိရသည်။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့ဝင်များက ဖောက်ခွဲရေးပစ္စည်းများကို ရှာဖွေရာတွင် ဘဂ္ဂဒက်မြို့မှ ပိတ်ပင်ထားသည့် နယ်မြေအတွင်းသို့ ဝင်ရောက်လာသော အီရတ်အမျိုးသားတစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံမှ လူအသေအပျောက်များသည့် ဗုံးခွဲမှုများ ဆန်းစစ်ရမှု အက်ဖ်ဘီအိုင်သမိုင်းတွင် အခက်ခဲဆုံးနှင့် အန္တရာယ်အများဆုံးဖြစ်

ဝါရှင်တန် နိုဝင်ဘာ ၁၂

အီရတ်မှ လူအသေအပျောက်များသည့် ဗုံးဖောက်ခွဲမှု တစ်သီတစ်တန်းတည်းဖြစ်မှုကို ဆန်းစစ်ရန် အက်ဖ်ဘီအိုင် ထောက်လှမ်းရေးများနှင့် ဆန်းစစ်သူများက ကြိုးပမ်းနေစဉ်တွင် အက်ဖ်ဘီအိုင်အနေဖြင့် ယင်း၏ သမိုင်းတွင် အန္တရာယ်အကြီးဆုံးနှင့် အခက်ခဲဆုံး စိန်ခေါ်မှုများနှင့် ကြုံတွေ့ရသည်ဆို၏။

အထင်အရှားပြသ

ဘဂ္ဂဒက်လေဆိပ်ရှိ လုံခြုံရေးခြံဝင်းအတွင်းမှ အပြင်သို့ ထွက်သည်ဆိုလျှင်ပင် အက်ဖ်ဘီအိုင် ထောက်လှမ်းရေးမှူး နောက်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ လိုက်ပါလာရခြင်းမှာ မည်မျှအန္တရာယ်များကြောင်းကို အထင်အရှား ပြသနေသည့် လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။

အက်ဖ်ဘီအိုင် ထောက်လှမ်းရေးများအနေဖြင့် ၎င်းတို့အား ကူညီရန် နိုင်ငံခြားအစိုးရ၏ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်း၊ သတင်းပေးများ သို့မဟုတ် နည်းပညာဆိုင်ရာ ထောက်လှမ်းမှုတို့၏ အဆင့်မြင့် ထောက်လှမ်းရေးကိရိယာများ ကင်းမဲ့မှုတို့ကြောင့် ပိုမိုခက်ခဲ အန္တရာယ်များရသည်။

ဗုံးဖောက်ခွဲမှုများနှင့် စပ်လျဉ်း၍ ဗုံးဖောက်ခွဲသည့် ဖြစ်စဉ်မှတ်တမ်း အထောက်အထားများလည်းမရှိ၊ ဗုံးဖောက်ခွဲပြီးနောက် ယင်းဗုံးဖောက်ခွဲမှု၏နောက်ကွယ်တွင် မည်သူများရှိသည်ဆိုသော ထောက်လှမ်းရေး အချက်အလက်များလည်း မရကြောင်း အက်ဖ်ဘီအိုင် အကြမ်းဖက်နှိမ်နင်းရေးဌာန အကြီးအကဲ ဂွန်ပစ္စတိုက အေပီနှင့် တွေ့ဆုံရာတွင် ရှင်းပြသည်။

စစ်ဆေး

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မဟာမိတ်တပ်ဖွဲ့ဝင်များအား တိုက်ရိုက်တိုက်ခိုက်ခြင်းထက် အရပ်သားများ သို့မဟုတ် အစိုးရပစ်မှတ်များကို အဓိကထား တိုက်ခိုက်သည့် ဗုံးခွဲမှုတစ်ဒါဇင်ခန့်ကို စစ်ဆေးရာတွင် အက်ဖ်ဘီအိုင် ထောက်လှမ်းရေးများ ပါဝင်သည်။ ***အင်တာနက်။***

အီရတ်သို့ အီဂျစ်တပ်ဖွဲ့ဝင်များကို မစေလွှတ် သမ္မတ မူဘာရက်က အခိုင်အမာ ထပ်လောင်းပြော

ကိုင်ရို နိုဝင်ဘာ ၁၃

အီဂျစ်နိုင်ငံက ၎င်း၏တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့ စေလွှတ်ခြင်းမပြုဟု အီဂျစ်သမ္မတ မူဘာရက်က အင်္ဂါနေ့တွင် အခိုင်အမာထပ်လောင်း ပြောကြားကြောင်း တရားဝင်မီနာသတင်းဌာနက ဖော်ပြလိုက်သည်။ အဆိုပါ ဆုံးဖြတ်ချက်ကို အမျိုးသားအကျိုးစီးပွားအတွက် ချမှတ်လိုက်ရခြင်း ဖြစ်ကြောင်း မူဘာရက်က လက်ရှိအာဏာရအမျိုးသား ဒီမိုကရက်တစ်ပါတီ ပါလီမန်ဘုတ်အဖွဲ့တွင် ပြောကြားခြင်းဖြစ်သည်။

အီရတ်နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ကိုယ်တိုင်အုပ်ချုပ်နိုင်စွမ်းရှိမှု၏ အရေးပါပုံကို မူဘာရက်က အလေးထားပြောကြားပြီး အီရတ်နိုင်ငံသူ၊ နိုင်ငံသားများသည် အပြောင်းအလဲများ ပြုလုပ်နိုင်စွမ်းရှိပြီး အီရတ်ပြည်သူလူထုအားလုံးက လက်ခံသည့် အစိုးရအဖွဲ့သစ်ကို ထူထောင်နိုင်စွမ်း ရှိကြောင်းကိုလည်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

အီရတ် လုံခြုံရေးအခြေအနေ တစ်နိုင်ငံလုံး၌ ပိုမိုဆိုးရွားလာ အီရတ်ပြည်သူ အတော်များများက ပြောက်ကျားစနစ်ဖြင့် အဆင့်မြင့်တိုက်ခိုက်

ဝါရှင်တန် နိုဝင်ဘာ ၁၃

အမေရိကန်တို့ ကျူးကျော်သိမ်းပိုက်ထားသည့် အီရတ်နိုင်ငံအရေးကိစ္စနှင့် ပတ်သက်ပြီး အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ စီအိုင်အေအစီရင်ခံစာ ပေါက်ကြားရာမှ ထွက်ပေါ်လာသည့် သတင်းအချို့အရ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များကို တန်ပြန်ခုခံတိုက်ခိုက်မှုများသည် ဘဂ္ဂဒက်မြို့မှာပင် မကတော့ဘဲ နိုင်ငံတစ်ဝန်းတွင် ပိုမိုတိုးမြင့်လာနေကြောင်း၊ လုံခြုံရေးအရ အခြေအနေမှာလည်း တစ်နိုင်ငံလုံး၌ ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း၊ အီရတ်လူမျိုးအတော်များများသည်လည်း ပွဲကြည့်ပရိသတ်အဖြစ်မှ တိုက်ပွဲများတွင် ပါဝင်လာကြပြီး ပြောက်ကျားစနစ်ဖြင့် အဆင့်မြင့် တိုက်ခိုက်လျက်ရှိကြောင်း၊ လက်နက်ခဲယမ်းများသည်လည်း ပြောက်ကျားများအတွက် အလွယ်တကူ ရရှိနိုင်သောကြောင့် ၎င်းတိုက်ခိုက်မှုများကို တားဆီးကာကွယ်ရန် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များအနေဖြင့် ပိုမို အခက်အခဲတွေ့ကြုံနေရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

အီတလီ တပ်သားများအား အီရတ်မှ ရုပ်သိမ်းရန် အီတလီ အတိုက်အခံအုပ်စု တောင်းဆို

ရောမ နိုဝင်ဘာ ၁၃

ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်တွင် အီတလီတပ်သား ၁၇ ဦး သေဆုံးခဲ့ပြီးနောက် အီရတ်နိုင်ငံမှ အီတလီတပ်သားများအားလုံး ရုပ်သိမ်းရန် အီတလီအတိုက်အခံအုပ်စုက ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုလိုက်သည်။

အီရတ်နိုင်ငံ၌ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်နှင့် ပမာဏကို ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း အတိုက်အခံအုပ်စု ခေါင်းဆောင်ဖရန်စစ္စကို ရူတယ်လီက ပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်း နာဆရီယာမြို့ရှိ အီတလီစစ်ရဲဌာနချုပ်တွင် ဗုဒ္ဓဟူးနေ့ နံနက်က ထရပ်ကား ဗုံးဖောက်ခွဲမှုကြောင့် အီတလီတပ်သား ၁၇ ဦးနှင့် အီရတ်နိုင်ငံသား ရှစ်ဦး သေဆုံးခဲ့ရသည်။ ယင်းပေါက်ကွဲမှုတွင် ဒါဇင်နှင့်ချီသည့် အီရတ်နိုင်ငံသားများနှင့် အီတလီနိုင်ငံသား ၁၅ ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

လက်တွေ့အကောင်အထည်ဖော်နိုင်သည့် အချိန်ဇယားအရ အီရတ်နိုင်ငံသားများထံသို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေးကို တိုက်တွန်းထားသော လွန်ခဲ့သည့်လက ချမှတ်ခဲ့သော ကုလသမဂ္ဂ ဆုံးဖြတ်ချက်အား အလျင်အမြန် အကောင်အထည်ဖော်သင့်ကြောင်း ပီဟာဂိုဖက်ဆီဒိုက တိုက်တွန်းလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုဝင်ဘာ ၁၃ ရက်က အီရတ်နိုင်ငံ နာဆရီယာမြို့ရှိ အီတလီစစ်ရဲဌာနချုပ်ကို အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် အီတလီစစ်ရဲတစ်ဦး လုံခြုံရေးကို စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့သည် အီရတ်ပိုင်အမိနယ်မြေကို အစမ္ပသိမ်းပိုက်ခြင်းဖြစ် အီရတ် ဆယ်ကျော်သက်ရွယ်တစ်ဦး၏ ခံစားချက် ရင်ဖွင့်ပြောကြား

ဘဂ္ဂဒက် နိုဝင်ဘာ ၁၃

အမေရိကန်တပ်ဖွဲ့ဝင်များအား ပြောက်ကျားများက သတ်ဖြတ်နေမှုကို အီရတ်လူမျိုးများက ထောက်ခံမှုနှင့်စပ်လျဉ်း၍ အမေရိကန်အစိုးရက သံသယရှိပါက အမေရိကန်တစ်ဦး ဗုဒ္ဓဟူးနေ့က ဗုံးထိမှန် သွေးအိုင်ထွန်းနေပုံကို ကြည့်ရှုကာ ဝမ်းသာမြူးထူးနေသူ ဆယ်ကျော်သက်များကိုစူးကြည့်၍ ပြန်လည်သုံးသပ်သင့်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

လမ်းဘေးထောင်ထားသည့်ဗုံးက စစ်ယာဉ်တစ်စီးအား ပေါက်ကွဲထိခိုက်မှုဖြစ်ပွားကာ တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားပြီးနောက် အီရတ်လူမျိုးလူငယ်လေးများသည် ထိခိုက်မှုအခြေအနေလေ့လာလို၍ အိမ်ပြင်ပသို့ ထွက်လာခဲ့ကြသည်။

ဗုံးပေါက်ကွဲမှုဖြစ်ခြင်းသည် ကောင်းမွန်ကြောင်း၊ မိမိအား စည်းရုံးပါက မိမိလည်း အမေရိကန်တပ်ဖွဲ့ဝင်များအား တွန်းလှန်ရာတွင် ပါဝင်မည်ဖြစ်ကြောင်း၊ အမေရိကန်များသည် မိမိတို့ပိုင် အမိမြေကို လုယူသိမ်းပိုက်နေခြင်းဖြစ်ကြောင်း အီရတ်ဆယ်ကျော်သက်ရွယ် အလီကိတ်စ်က ပြောကြားသည်။

သို့ရာတွင် ဘဂ္ဂဒက်မြို့တော် ဆာရာဖီယာခရိုင်မှ အဖြစ်သနစ်က ပြောက်ကျားများအပေါ် အီရတ်လူမျိုးတို့၏ သနားကြင်နာမှု ရရှိသည်ကို ပြသလျက်ရှိသည်။ အီရတ်လူမျိုးတို့သည် ဆက်ဒမ်ဟူစိန်ရာထူးမှ ကျဆင်းပြီးသည့်နောက် ပျော်ရွှင်ခဲ့မှုသည် အမေရိကန်ဆန့်ကျင်ရေးဒေါသဖြင့် လွှမ်းခြုံသွားခဲ့သည်။

ဆယ်ကျော်သက်ကလေးများက အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး မသေဘဲ ဒဏ်ရာရရှိမှုကို ကြည့်ပြီး ဒေါသထွက်လျက်ရှိသည်။ ယင်းကလေးများတွင် အသက် ၁၈ နှစ်ရှိသူ အဗ္ဗဒူလာအိုမန်ပါဝင်သည်။

အမေရိကန်များက အီရတ်ပြည်သူတစ်ရပ်လုံးအား အရှက်ခွဲရန် ဆန္ဒရှိမှုက အဗ္ဗဒူလာအိုမန်၏ ဒေါသကို မီးမွှေးပေးသကဲ့သို့ ဖြစ်စေသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ၎င်းတို့ကိုယ်တိုင် ဗုံးထောင်ကြပြီး ၎င်းတို့အသက်အန္တရာယ်အတွက် အန္တရာယ်တစ်ရပ်ဖြစ်ခဲ့ကြောင်း၊ ယင်းသို့ ဗုံးထောင်ခြင်းမှာလည်း အီရတ်လူမျိုးကို ကြောက်လန့်စေရန်နှင့် သတ်ဖြတ်လို၍ဖြစ်သည်ဟု ၎င်းက ယုံကြည်ကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်စစ်ပွဲဖြစ်ကတည်းက ငြိမ်သက်ခဲ့သည့် နာဆရီယာမြို့၌ ပေါက်ကွဲမှုကြီး ဖြစ်ပွား

နာဆရီယာ (အီရတ်) နိုဝင်ဘာ ၁၃

လောင်စာဆီတင်ကားတစ်စီးသည် နာဆရီယာမြို့မှ အီတလီစစ်ရဲများ၏ အခြေစိုက်စခန်းသို့ မောင်းနှင်လာစဉ် အီရတ်နိုင်ငံသား မော်တော်ယာဉ်ထိန်းရဲဖြစ်သူ အာမက်နက်ဆာက ၎င်းနေရာအနီးတွင် ရပ်လျက်နေရာ စက္ကန့်ပိုင်းကြာသည့်နောက် စစ်စဖြစ်ကတည်းက ငြိမ်သက်အေးချမ်းခဲ့သော နာဆရီယာမြို့တွင် ကြီးမားသည့်ပေါက်ကွဲမှုကြီး ပေါ်ပေါက်ကာ ထိခိုက်ပျက်စီးခဲ့ရသည်။

လောင်စာတင်ကား တံတားပေါ် အဆောတလျင် ဖြတ်သန်းလာသည်ကို မိမိမြင်တွေ့ရကြောင်း၊ အခြေစိုက်စခန်း ဂိတ်ပေါက်ဝ အပြင်ဘက်တွင် လုံခြုံရေး ရဲသားများ တစ်ယောက်တစ်လေမှ မမြင်မိကြောင်း၊ ၎င်းကားသည် မြွေလိမ်မြွေကောက်ဖြင့် ဖြတ်သန်းကာ ဂိတ်ပေါက်ဝသို့ မောင်းနှင်ခဲ့ကြောင်းဖြင့် လက်ကျိုးသွားသူ ယာဉ်ထိန်းရဲ နက်ဆာက ဆေးရုံတွင် တက်ရောက် ကုသရင်း ပြောကြားသည်။

ပါဝင်

ယင်းအသေခံ တိုက်ခိုက်မှုတွင် အီတလီလူမျိုး ၁၇ ဦးထက် မနည်းနှင့် အီရတ်လူမျိုးရှစ်ဦးတို့ သေဆုံးခဲ့ပြီး ထိခိုက်မှုတွင် ဗြိတိသျှစစ်ဘက်က ကုန်တင်ထရပ်ကားနှင့် အရပ်သားကားများ ပါဝင်ကြောင်း ပြောကြားသည်။

သေဆုံးသည့် အီတလီလူမျိုးများတွင် ကာရာဘင်နီရီစစ်ရဲ ၁၁ ဦး၊ အီတလီတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားနှစ်ဦးတို့ပါဝင်သည်။ အီတလီလူမျိုး ၂၀ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိသွားရာ ဒုတိယကမ္ဘာစစ်ပြီးကတည်းက အီတလီစစ်တပ်ဖွဲ့ဝင်များအများဆုံး သေဆုံးခဲ့ခြင်းဖြစ်သည်။

အီရတ်လူမျိုး ရှစ်ဦးထက်မနည်း သေဆုံးပြီး လူ ၈၀ ကျော် ထိခိုက်ဒဏ်ရာရရှိကာ ဒဏ်ရာရရှိသူ အများစုမှာ အသက်ရှင်နိုင်ဖွယ်မရှိဟု ဆရာဝန်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နာဆရီယာမြို့ရှိ အီတလီစစ်ရဲဌာနချုပ်တွင် ကားဗုံးပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားရာ ဘေးလွတ်ရာသို့ ရှောင်ပြေးနေကြသူများအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သမ္မတဘုရှ် ဗြိတိန်ခရီးစဉ်အတွင်း စစ်ဆန့်ကျင်ရေးဆန္ဒပြသမားများနှင့် ကြုံတွေ့နိုင်

လန်ဒန် နိုဝင်ဘာ ၁၂

လာမည့်ရက်သတ္တပတ်တွင် ဗြိတိန်နိုင်ငံသို့ လာရောက်လည်ပတ်မည့် အမေရိကန်သမ္မတ ဘုရှ်၏ ခရီးစဉ်အတွင်း အထူးသီးသန့်ဇုန်ဟူ၍ထားရှိမည် မဟုတ်ကြောင်း၊ သမ္မတဘုရှ်အနေဖြင့် စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများနှင့် အလွယ်တကူ ရင်ဆိုင်နိုင်ကြောင်းဖြင့် ဗြိတိန်ရဲတပ်ဖွဲ့က ကြေညာသည်။

ဆန့်ကျင်ရေးပြင်းထန်

အီရတ်နိုင်ငံအား တိုက်ခိုက်ရာတွင် အမေရိကန်နိုင်ငံနှင့်အတူ ဗြိတိန်နိုင်ငံက ပါဝင်တိုက်ခိုက်သော်လည်း အမေရိကန်သမ္မတဘုရှ် ဆန့်ကျင်ရေးစိတ်ဓာတ်မှာ ဗြိတိန်၌ ပြင်းထန်လျက်ရှိသည်။

ဖော်ပြ

အီရတ်အရေးနှင့်စပ်လျဉ်း၍ အမေရိကန်သမ္မတဘုရှ်၏ ကိုင်တွယ်ပုံကို ဗြိတိန်ပြည်သူ ၆၀ ရာခိုင်နှုန်းက ပြင်းထန်စွာဆန့်ကျင်ကြောင်းကို ပြည်သူ့သဘောထား ကောက်ယူမှုစစ်တမ်းတစ်ခုက အင်္ဂါနေ့တွင် ဖော်ပြထားသည်။ *အင်တာနက်။*

နိုင်ငံခြားသတင်းများ

အီရတ်နိုင်ငံ၌ ဗုံးဖြင့်တိုက်ခိုက်မှု နှစ်နေရာတွင်ဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိ

တီကရစ်(အီရတ်) နိုဝင်ဘာ ၁၃

အီရတ်နိုင်ငံတွင် ဗုံးဖြင့် တိုက်ခိုက်မှု နှစ်နေရာဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြား လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် မြောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ကားသည် လမ်းပေါ်ထောင်ထားသည့် ဗုံးပေါ် အင်္ဂါနေ့ညနေပိုင်းက တက်နင်းမိပြီး တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကာ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမှတ်(၄)ခြေလျင်တပ်မမှတပ်ဖွဲ့ဝင်တစ်ဦးသည် ၎င်းစီးနင်းလိုက်ပါလာသောကားအောက်မှ အိမ်လုပ် ဗုံးပေါက်ကွဲသွား၍ သေဆုံးသွားကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဗိုလ်မှူးဂျိုစတင်းအေဘာလီက ပြောကြားသည်။

တိုက်ခိုက်

ဘဂ္ဂဒက်မြို့တွင် အင်္ဂါနေ့ စောစောပိုင်းက ဗုံးဖြင့်တိုက်ခိုက်မှုကြောင့် အမှတ်(၁)သံချပ်ကာတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး အသက်အန္တရာယ် စိုးရိမ်လောက်သည့် ဒဏ်ရာရရှိခဲ့ပြီး အခြားနှစ်ဦးထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ပါရှိသည်။ ဗုံးဖြင့်တိုက်ခိုက်ခံရပြီး ငါးနာရီအကြာတွင် အဆိုပါတပ်ဖွဲ့ဝင်မှာ ဒဏ်ရာကြောင့် ည၉ နာရီခန့်တွင် သေဆုံးသွားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထရပ်ကားကို အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ် အီရတ်ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိဟု ဆွေမျိုးများက ပြောဆို

ဖော်လူဂျာ(အီရတ်) နိုဝင်ဘာ ၁၃

အီရတ်နိုင်ငံတွင် အခြေအနေတင်းမာနေသည့် ဖော်လူဂျာမြို့အနီး ကြက်ခြံတစ်ခြံမှပြန်လာသည့် ထရပ်ကားတစ်စီးအား အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်တိုက်ခိုက်ရာ အီရတ်ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ဆွေမျိုးသားချင်းများနှင့် ဆေးရုံတာဝန်ရှိပုဂ္ဂိုလ်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပစ်သတ်

အင်္ဂါနေ့ညက ဖော်လူဂျာမြို့ ဆင်ခြေဖုံးဒေသတွင် တိုက်ခိုက်ခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များသည် ရန်သူတိုက်ခိုက်ရေးသမား ငါးဦးကို ပစ်သတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

သို့ရာတွင် ယင်းငါးဦးမှာ ကြက်ခြံမှ လူငါးဦး ဟုတ်၊ မဟုတ်ကိုမူ ၎င်းက ပြောကြားခြင်းမရှိပေ။

ဂျော်ဒန်နိုင်ငံက တည်ဆောက်ပေးထားသည့် ဆေးရုံကို ကာကွယ်စောင့်ရှောက်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်ကျူးကျော်သူ ခြောက်ဦးကို ပစ်သတ်ခဲ့ပြီး လူလေးဦး ဒဏ်ရာရစေခဲ့ကြောင်း ဖော်လူဂျာမြို့ရှိ အမှတ်(၈၂) လေကြောင်းချီတပ်မမှ ထုတ်ပြန်သည့်နောက်ဆက်တွဲသတင်းလွှာတွင် ဖော်ပြထားသည်။

ကြက်ခြံမှပြန်လာသည့် ထရပ်ကားကို အင်္ဂါနေ့ ညနေပိုင်းက စစ်ဆေးရေးစခန်းအနီးတွင် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဆွေမျိုးသားချင်းများက ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ အီရတ်နိုင်ငံသား ငါးဦး၏ အလောင်းများကို အီရတ် ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၁၄

ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် သာယာကုန်းလမ်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ(၁၇၂) သာသနာဝေပုလ္လတိုက်အုပ်ကျောင်းတွင် ဒီဇင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ၁၀ရက် တရားစခန်းပွဲ၌ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ကလျာဏအရှင်သူမြတ်နှင့်ပဓာနနာယက နယ်လှည့်သာသနာပြုဓမ္မကထိက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ကဝိသာရ ဓမ္မာစရိယအရှင်သူမြတ်တို့က ခန္ဓာဉာဏ်ရောက် တရားတော်များ ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူများသည် ဖုန်း– ၂၀၁၂၉၀သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်သည်။ (က–ပ)

ပြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ဂုဏ်ပြုကြိုဆိုအပ်သော စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ

ရွှေကလောင်အသွားတုံးပေါ့ ခါးကုန်းလို့လက်တုန်
နားဦးစို့သက်လုံရယ် ကွက်မစုံရှုယ်ရင့်
မှန်စက္ကူ မကြည်ဝေတယ် ဒီဂရီတွေ တိုးလို့သာမြင့်
ရေးရင်းခုဝေဒနာမှာ ထွေထွေရာပိုလင့်
ငွေအသပြာ အပိုဆင့်စေတော့ မလိုချင့်လိုချင်
ရေသည်လို အကျိုးပေးပုံက ထမ်းပိုးတွေ ဆွေးရဖို့ပင်
ဇက်၊ ခေါင်းနဲ့၊ လက်မောင်းပြင်မှာ ခက်ကောင်းပင်ခက်ရချည့်
တက်မတတ် တိုးချဲ့ထွေလာ ဆိုးတဲ့ဝေဒနာ
မိုးတစ်လှည့် လေတစ်ခါဝယ် မနေသာလွန်လွန်းလို့လေး ...။

ဇရာထောင်း၍ စိတ်သွားတိုင်း ကိုယ်မပါရှာသော စာရေးဆရာကြီးများ၏ ခံစားနေရမှုကို စာရေးဆရာကြီး ဒဂုန်နတ်ရှင်က အထက်ပါအတိုင်း ထိထိမိမိနှင့် "ကလောင်တုံးချိန် ခါးကုန်းချိန်" ခေါင်းစဉ်ဖြင့် ရေးသားခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် နှစ်စဉ် ကျင်းပခဲ့သော စာဆိုတော်နှင့် သက်ကြီးစာပေ ပညာရှင်များ၏ ကန်တော့ပွဲကို ယခုလနောက်ဆုံးပတ်တွင် ရန်ကုန်မြို့တော်ဝန်၏ ခွင့်ပြုချက်ဖြင့် မြို့တော်ခန်းမတွင် ကျင်းပရန် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

အလှူရှင်စေတနာရှင်များကလည်း နေ့စဉ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)သို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလျက်ရှိကြောင်း သတင်းစာများ၌ ဖတ်ရှုရပါသည်။

ယခင်နှစ်က ကျင်းပခဲ့သော စာဆိုတော်နေ့ သက်ကြီးပညာရှင်များ ကန်တော့ပွဲတွင် ကန်တော့ခံ အသက်(၈၀)ကျော်အရွယ်ရှိ သက်ကြီးစာပေပညာရှင် ၁၂၂ ဦး ရှိခဲ့ပါသည်။ တစ်နှစ်အတွင်း ဆရာကြီး/ဆရာမကြီး ၁၇ ဦးမှာ ကွယ်လွန်သွားခဲ့ကြပြီ ဖြစ်ပါသည်။ ယခုနှစ်တွင် အသက် (၈၀)ပြည့်မီလာသူ ဆရာကြီး/ ဆရာမကြီး ၁၆ ဦး တိုးလာသည့်အတွက် စုစုပေါင်းကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီး ၁၂၁ ဦးရှိကြောင်း သိရပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ မည်သည့်နိုင်ငံမှမရှိသော သက်ကြီးစာပေပညာရှင်ကြီးများကန်တော့ပွဲသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ ရှိနေခဲ့သည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ် ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နတ်တော်လဆန်း ၁ ရက်နေ့ကို "စာဆိုတော်နေ့"အဖြစ် သတ်မှတ်ခဲ့ပေသည်။ ဤကဲ့သို့ သိသိမှတ်မှတ် ပြုခဲ့ကြခြင်းမှာ စာပေပညာရှင်ကြီးများကို လေးစားစွာ ဂုဏ်ပြု လိုက်ခြင်းပင် ဖြစ်ပါသည်။

နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကိုရောက်လျှင် စာဆိုတော်နေ့ကို အကြောင်းပြု၍ အမျိုးသားစာပေ ဆုနှင်းသဘင်၊ စာပေဗိမာန် စာမူဆုပေးပွဲ၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲများကို နိုင်ငံတော်က ကြီးမှူး၍ ခမ်းနားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က သက်ကြီးစာပေ ပညာရှင်များအား ပူဇော်ကန်တော့ပွဲကိုလည်း ထိုကာလတွင် စည်ကားတင့်တယ်စွာ ကျင်းပလေ့ရှိပါသည်။

ဤကဲ့သို့ စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများအား ပူဇော်ခြင်း၊ ဂုဏ်ပြုခြင်း၊ ချီးမြှင့်ခြင်းမှာ အဆိုပါ ပုဂ္ဂိုလ်များသည် အကျိုးပြု စာကောင်းပေမွန်များကို ရေးသားပြုစုခဲ့သောကြောင့် ဖြစ်ပါသည်။ တစ်နည်း ဆိုရလျှင် စာပေစွမ်းအား၏ ထက်မြက်မှုကို တန်ဖိုးထား အသိမှတ်ပြုခြင်းပင် ဖြစ်ပါသည်။

စာရေးဆရာများ ဖန်တီးသော စာကောင်းပေမွန်များသည် နိုင်ငံတော်အတွင်းရှိ ပြည်သူလူထု၏ စိတ်ဓာတ်ကိုမြှင့်တင်ပေးပြီး အတွေးအခေါ်ကြွယ်ဝစေသည်။ မြင့်မားလာသော စိတ်ဓာတ်နှင့် ကြွယ်ဝသော အတွေးအခေါ်ရှိသည့် ပြည်သူလူထုသည် နိုင်ငံတော်ကို ငြိမ်းချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ထောင်ရာတွင် များစွာအထောက်အကူပြုအားဖြည့်စွမ်းဆောင်ပေးနိုင်မည် ဖြစ်ပါသည်။

စာဆိုတော်နေ့သမိုင်းအကျဉ်း

ဂျပန်ခေတ် ပညာတံခွန်အသင်းသည် ကွမ်းခြံကုန်း၌ အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် 'ဦးပုည'နေ့ ကျင်းပရေး အစီစဉ်တစ်ရပ် ချမှတ်လုပ်ဆောင်ခဲ့ကြ၏။ ထိုအကြောင်းကို ရန်ကုန်မြို့ရှိ ပညာတံခွန် အသင်းကြီးသို့ အကြောင်းကြားခဲ့သည်။ ထိုအခါ ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးတည်းအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပသည်ထက် စာဆိုတော်အများနှင့် သက်ဆိုင်သော နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကျင်းပရန် စာပေပညာရှင်များ၊ ပညာတံခွန်အသင်းမှ ပုဂ္ဂိုလ်ကြီးများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ပုဂ္ဂိုလ်များသည် ၁၉၄၄ ခုနှစ် မေလ ၈ ရက်တွင် စာဆိုတော်နေ့ကျင်းပရေး အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးကြီးက ဦးပုညနေ့အစား "ဗမာ့စာဆိုတော်နေ့"အဖြစ် ကျင်းပရန်နှင့် စာဆိုတော်နေ့ကို နှစ်စဉ်မြန်မာနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပရန်ဆုံးဖြတ်ခဲ့ကြ၏။

ထိုဆုံးဖြတ်ချက်အရ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ရက်(၁၃၀၆ခုနှစ်)မှ စတင်ကျင်းပသည်။ စာဆိုတော်နေ့ အခမ်းအနား၌ သက်ကြီးဝါကြီး စာရေးဆရာကြီးများကို ကန်တော့ခဲ့ကြ၏။ စာပေဟောပြောမှုများလုပ်ခဲ့၏။ ညပိုင်းတွင်မူ ရှေးစာဆိုတစ်ဦးဦး၏ အတ္ထုပ္ပတ္တိကို ဓာတ်အိမ်ဖွဲ့ကာ ပြဇာတ်ကခဲ့ကြ၏။ ယင်းသို့ ပြဇာတ်ကခြင်းမှာ စာပေသဘောအရ စာဆိုတော်ကြီးများကို ဂုဏ်ပြုခြင်းဖြစ်သည်။ နေ့ပိုင်းအခမ်းအနားများမှာ စာရေးဆရာများသာ ပါဝင်ဆင်နွှဲနိုင်သော အခမ်းအနား သက်သက်သာ ဖြစ်ခဲ့ပြီး ညပိုင်းပြဇာတ်များမှာမူ ပြည်သူအများကြည့်နိုင်သော ပြဇာတ်များဖြစ်၏။ ထို့အပြင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် 'စာရေးဆရာ' ၊ 'စာပေ' စသည့်စာစောင်များ၊ မဂ္ဂဇင်းများထုတ်ခဲ့ကြ၏။

၁၃၁၂ စာဆိုတော်နေ့ (၁၁–၁၂–၅၀) တွင် စာဆိုတော်နေ့ အခမ်းအနားကို လူထုအစည်းအဝေး အခမ်းအနားကြီးအဖြစ် လှို့ဆော်စည်းရုံး ကျင်းပခဲ့၏။ ထိုအခါမှစ၍ စာဆိုတော်နေ့ကို တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော နေ့တစ်နေ့အဖြစ် ကျင်းပနိုင်ရန် စတင်ဆောင်ရွက်ခဲ့ကြ၏။

စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာဆိုတော်တစ်ဦးဦးအကြောင်းကို ပြဇာတ် ကပြခဲ့သော အစဉ်အလာကို ၁၃၀၆ မှစ၍ ၁၃၁၇ အထိ ဆက်လက်ကျင်းသုံးခဲ့၏။ ၁၃၁၉ မှစ၍ ပြဇာတ်ကခဲ့သော အစီအစဉ်ကို ဖျက်ခဲ့သည်။

ထိုသို့ရန်ကုန်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းက စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပသည့်နည်းတူ နိုင်ငံအနယ်နယ် အရပ်ရပ်တွင်လည်း စာဆိုတော်နေ့ အခမ်းအနားများ ကျင်းပခဲ့ကြ၏။ နယ်စာဆိုတော်နေ့ အခမ်းအနားများကို စာပေဝါသနာရှင်များ၊ ကျောင်းသားလူငယ်များ၊ သတင်းထောက်များနှင့် ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များက ဦးစီးကျင်းပလေ့ရှိ၏။ ထိုစာဆိုတော်နေ့ အခမ်းအနား၌ စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ဟောပြောပွဲများနှင့် ရန်ကုန်နည်းတူ ပြဇာတ်များ၊ ပဒေသာကပွဲများ ပါဝင်လေ့ရှိသည်။ အချို့ဒေသများ၌ စာအုပ်ပြပွဲများ ကျင်းပခဲ့ကြ၏။

ခင်မောင်ထွန်း(လမ်းမတော်)

နောက်ပိုင်းတွင် နယ်များ၌ ကျင်းပသော စာဆိုတော်နေ့ အခမ်းအနားများ အသွင်ပြောင်းလာ၏။ အထူးသဖြင့် ရန်ကုန်ရှိ စာရေးဆရာများကို ဖိတ်ကြား၍ စာပေဟောပြောပွဲများ ကျင်းပသော အလေ့အထ ထွန်းကားလာ၏။ စာပေဟောပြောပွဲများမှ တစ်ဆင့်တက်ကာ စာရေးသူ၊ စာဖတ်သူ ဒူးတိုက်တွေ့ဆုံဆွေးနွေးသော စာပေဆွေးနွေးပွဲများပါ ပြုလုပ်လာကြ၏။ ထိုအခါ စာဆိုတော်နေ့ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများ ကျင်းပမှု အစဉ်အလာထွန်းကားလာ၏။

စာဆိုတော်နေ့ အခမ်းအနား ကျင်းပသောကာလမှာ ရက်သတ္တပတ် ကာလထက် ပိုမိုရှည်လျားခဲ့၏။ နတ်တော်လ တစ်လလုံးလုံး ကျင်းပရသည်အထိ နယ်များပိုများလာ၏။ အချိန်ကာလလည်း ပိုရှည်လာ၏။ စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲ ကျင်းပသောကာလသည် စာဆိုတော်နေ့အကြိုနှင့် စာဆိုတော်နေ့နောက်ပိုင်း ကာလအထိ တစ်လကျော်ကျော် ကျင်းပသည်အထိ အချိန်ကာလရှည်လျားလာခဲ့သည်။ ဟောပြောပွဲ၊ ဆွေးနွေးပွဲလုပ်ငန်းများအပြင် လေ့လာရေးလုပ်ငန်းများကိုပါ ပူးတွဲလုပ်ဆောင်လာကြသည်။

သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအစဉ်အလာ–

သက်ကြီးစာပေပညာရှင်များအား စာဆိုတော်နေ့ အနီးကပ်ဆုံး ဝန်းကျင်တွင် ကန်တော့လေ့ရှိသော အစဉ်အလာကိုပြည်ထောင်စု မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီးက စတင်ခဲ့ခြင်းဖြစ်ပါသည်။ ပထမဦးစွာ စတင်ကန်တော့ခဲ့သော မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ကမ္ဘာသုံးနှစ် ၁၉၈၀ ပြည့်နှစ်က ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၁၀ ဦး သာရှိခဲ့ပါသည်။ ထိုစဉ်က ရန်ကုန်တိုင်းအတွင်းရှိ သက်ကြီးစာပေပညာရှင်များကိုသာ ကန်တော့ခြင်းဖြစ်ပါသည်။ စာပေလုပ်သားအဖွဲ့ကြီးက သက်ကြီးစာပေပညာရှင်များအား ကန်တော့ခဲ့သော အကြိမ်ပေါင်း၊ကန်တော့ခဲ့သည့်ခုနှစ်နှင့် နှစ်အလိုက်ကန်တော့ခံ စာပေပညာရှင်ကြီးများ၏ အရေအတွက်တို့ကို အောက်တွင်ဖော်ပြအပ်ပါသည်–

အကြိမ်	မြန်မာသက္ကရာဇ်	ကမ္ဘာသုံးနှစ်	ကန်တော့ခံသက်ကြီး စာပေပညာရှင်ဦးရေ
၁။	၁၃၄၂	၁၉၈၀	၁၀
၂။	၁၃၄၃	၁၉၈၁	၁၀
၃။	၁၃၄၄	၁၉၈၂	၉
၄။	၁၃၄၅	၁၉၈၃	၉
၅။	၁၃၄၆	၁၉၈၄	၂၁
၆။	၁၃၄၇	၁၉၈၅	၂၅
၇။	၁၃၄၈	၁၉၈၆	၂၇
၈။	၁၃၄၉	၁၉၈၇	၂၅

၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးကို ပြန်လည်ဖွဲ့စည်းပြီးနောက် ရန်ကုန်တိုင်းအတွင်းရှိ အသက်(၈၀)နှင့်အထက် သက်ကြီးစာပေပညာရှင်များအား ကန်တော့သည့် အစဉ်အလာကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးက မြန်မာသက္ကရာဇ် ၁၃၅၆ ခုနှစ် (၁၉၉၄ ခုနှစ်)တွင် ပြန်လည်ပြုလုပ်ခဲ့ပါသည်။ သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ယခု(နိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက်ရောက်လေ့ရှိရာ သက်ကြီးစာပေပညာရှင်များအား ဒုတိယအကြိမ် ကန်တော့သည့်အခါ ဗိုလ်ချုပ်ကြီးခင်ညွန့်က ရန်ကုန်တိုင်းအဆင့် ကန်တော့ခြင်းမှ မြန်မာတစ်နိုင်ငံလုံး အဆင့်မြင့်သက်ကြီးစာပေပညာရှင်များအား ကန်တော့သင့်ကြောင်း မိန့်ကြားခဲ့ပါသည်။ ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ်(၁၉၉၆ ခုနှစ်)တွင် ကျင်းပသော တတိယအကြိမ် သက်ကြီးစာပေပညာရှင်များအား အောက်ပါအတိုင်း ကန်တော့ခဲ့ကြပါသည်–

အကြိမ်	မြန်မာ သက္ကရာဇ်	ကမ္ဘာသုံးနှစ်	ကန်တော့ခံသက်ကြီး စာပေပညာရှင်ဦးရေ	မှတ်ချက်
၁။	၁၃၅၆	၁၉၉၄	၃၆	ရန်ကုန်တိုင်း
၂။	၁၃၅၇	၁၉၉၅	၄၂	ရန်ကုန်တိုင်း
၃။	၁၃၅၈	၁၉၉၆	၆၆	တစ်ပြည်လုံး
၄။	၁၃၅၉	၁၉၉၇	၈၂	တစ်ပြည်လုံး
၅။	၁၃၆၀	၁၉၉၈	၉၅	တစ်ပြည်လုံး
၆။	၁၃၆၁	၁၉၉၉	၁၀၈	တစ်ပြည်လုံး
၇။	၁၃၆၂	၂၀၀၀	၁၁၈	တစ်ပြည်လုံး
၈။	၁၃၆၃	၂၀၀၁	၁၂၇	တစ်ပြည်လုံး
၉။	၁၃၆၄	၂၀၀၂	၁၂၂	တစ်ပြည်လုံး

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေတို့ဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာရပ်တည်နိုင်ခဲ့သောနိုင်ငံဖြစ်ပါသည်။ ပုဂံခေတ်မှအခြေခိုင်ခဲ့သော မြန်မာစာပေသည် ခေတ်အဆက်ဆက်ထွန်းကားခဲ့ပြီး မြန်မာနိုင်ငံသားတို့ကို ပညာရည်မြင့်မားအောင် စာပေဖြင့် အသိပညာများ ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးဖွံ့ဖြိုးရေးကောင်စီသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာပေမြင့်မားတိုးတက်ရေး၊ စာပေပညာရှင်မျိုးဆက်သစ်လူငယ်များ တိုးပွားလာရေးတို့ကို အထူးအလေးပေး၍ ဆောင်ရွက်ခဲ့ပါသည်။

အချုပ်အားဖြင့်တင်ပြရလျှင် ယနေ့နိုင်ငံတော်မှ "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး"ဆီသို့ ဦးတည်ချီတက်နေချိန်တွင် သက်ကြီးစာပေပညာရှင်များလက်မှ မျိုးဆက်သစ်စာပေပညာရှင်များက စာပေပညာကို လက်ကမ်းရယူပြီး တိုင်းရင်းသားပြည်သူ အားလုံးစည်းလုံးညီညွတ်စွာ ပါဝင်လာရေးအတွက် မိမိတို့ကလောင်စွမ်းဖြင့် တိုက်တွန်းရေးသားကြရန် လိုအပ်နေပါကြောင်း တိုက်တွန်းရင်းမကြာမီကျင်းပတော့မည့် **သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ**ကို ကြိုဆိုဂုဏ်ပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅–၁၁–၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတတရားတော် ဓမ္မာနုပဿနာ သတိပဋ္ဌာန်**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၂၀** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၅** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၄၀** ၇။ မြန်မာသံစဉ် ချိုနှာဝင်
- **၄:၅၀** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၉။ အခြေခံပညာရေးပို့ချမှု အစီအစဉ်
  - (က) ပထမနှစ် (အရှေ့တိုင်းပညာ)
  - (ခ) ပထမနှစ် (အင်္ဂလိပ်စာ)
- **၅:၃၀** ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သီရိဇေယာ (အပိုင်း–၆)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် (အပိုင်း–၂၅)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

မမေ့နိုင်သော နွေဦးညများ

နီမင်းဆွေ

ကမ္ဘာပေါ်တွင်ထင်ရှားသည့် တက္ကသိုလ်ကြီးများသည် ၎င်းတို့မွေးထုတ်ပေးလိုက်သော သားသမီးရတနာများနှင့် ပတ်သက်ပြီး အမြဲဂုဏ်ယူလေ့ရှိကြသည်။ တက္ကသိုလ်များ အနေဖြင့် ငွေရတုသဘင်၊ ရွှေရတုသဘင် ဆင်နွှဲလေ့ရှိကြ သလို အတန်းအလိုက် ငွေရတုသဘင်၊ ရွှေရတုသဘင် သီးခြားစီ ကျင်းပကြသည့် အလေ့အထလည်းရှိသည်။

မန္တလေးတက္ကသိုလ်သည် ၁၉၅၈ ခုနှစ်တွင် သီးခြား တက္ကသိုလ်အဖြစ် ရပ်တည်နိုင်ခဲ့သဖြင့် ၂၀၀၈ ခုနှစ်တွင် နှစ်(၅၀)ပြည့် ပေတော့သည်။ ရွှေရတုအကြိုအဖြစ် အသက် ၆၈ နှစ်နှင့်အထက် ၁၃၂ ဦးသော ဆရာ၊ ဆရာမကြီးများကို ၂၄-၁၁-၂၀၀၃ ရက်တွင် ဆရာကန်တော့ပွဲ ပြုလုပ်ကြမည် ဖြစ်၏။

မန္တလေးရှိ ကျွန်တော်၏ ဆရာတစ်ဦးက "စာမေးပွဲမှာ ခိုးချတာ မကောင်းတဲ့အကြောင်း သတင်းစာထဲမှာ မင်းရေးတဲ့ဆောင်းပါးလေးက ဖတ်လို့ကောင်းသားပဲ၊ ငါတို့ အခုလုပ်မယ့် ဆရာကန်တော့ပွဲအကြောင်းလေးများ ရေးပါ လား"ဟု ကျွန်တော့်အား ဖုန်းဆက်ပြောသောအခါ ကျွန်တော်၏ရင်မှာ လှုပ်ခတ်သွားသည်။

တစ်မုဟုတ်ချင်းပင် ကျွန်တော်၏ အာရုံသည်လည်း လွန်ခဲ့သော နှစ်ပေါင်းများစွာက မန္တလေးတက္ကသိုလ်ဆီသို့ ပျံ့လွင့်သွားတော့၏။

"ရှမ်းရိုးမက မြူခိုးဝေ လွမ်းမိုးထလို့ ပူမျိုးထွေသရင်၊ မေလွမ်းယောင်လို့ တတဲ့အခါနော် ရွှေမန်းဆောင်သို့ ကြွခဲ့ ပါခေါ်၊ နေခြည်အစောင်း ရွှေရည်လောင်းပါလို့ မေမဒီ အပေါင်းရယ်က လမ်းကိုလျှောက်လာ၊ သြော်-ရေနီမြောင်း ရယ်က လွမ်းလောက်စရာပါ"

သည်တုန်းက မန္တလေးတက္ကသိုလ်မှာ အောင်မင်္ဂလာ၊ ရွှေပြည်အေး၊ ရတနာပုံ၊ ရွှေမန်းဆောင်နှင့် သစ္စာဟူ၍ အဆောင်ငါးဆောင်သာ ရှိသည်။ ရွှေမန်းဆောင်အတွင်း ဘော်လီဘောကစားနေစဉ် မိမိ၏ဘောလုံး ရိုက်ချက်ကို သဘောခွေ့သွားသော ရွှေမန်းဆောင်သူတို့၏ မျက်လုံး အဝင့်တွင် ရင်ခုန်ခဲ့ကြဖူးသူတွေရှိမည်။ သစ္စာဆောင် နံဘေးက တမာပင်ပေါ် တက်ထိုင်ခဲ့ဖူးသူများ ဤစာကို ဖတ်ပြီး ပြုံးမိကြပေလိမ့်မည်။ ကျွန်တော်သည်ပင် မဂ္ဂဇင်း အခန်းဆက်အဖြစ်ရေးခဲ့သော ဝတ္ထုရှည်ထဲ၌ သီတင်းကျွတ် လျှင် အဖြေပေးမည်ဟူသော သစ္စာသူ၏စကားကြောင့် သီတင်းကျွတ်လပြည့်နေ့တွင် ထိုသစ္စာဆောင်နံဘေးမှ တမာပင်ပေါ်တွင် မီးပုံးလေးထွန်း၍ ချစ်သူကို သတိပေး ခဲ့သူ တစ်ယောက်အကြောင်း ရေးခဲ့ဖူးသည်။

မန္တလေးတက္ကသိုလ်နှင့် ပတ်သက်လျှင် ရေးစရာတွေ များသည်။ ရေးလည်းရေးနေကြသည်။ နောင်ရေးလို့လည်း ဆုံးနိုင်မည်မထင်တော့။

မန္တလေးတက္ကသိုလ်တွင် ကျွန်တော့်အား ဖမ်းစားနိုင် သည့်အရာတွေ အများကြီးရှိသည်။ အသေးစိတ် မပြောလို တော့ပါ။ အဖမ်းစားဆုံးကတော့ နွေဦးညများဖြစ်သည်။ သစ်ပင်တွေ ရိုးတံကျဲနှင့် ဖြစ်နေကြပြီး သစ်ရွက်ခြောက် တွေကို လမ်းဘေးမှာ တွေ့နေရသည်ကိုက လွမ်းချင်စရာ။ နောက်ပြီး စာမေးပွဲအတွက် စိတ်ပူရတာက တစ်မျိုး၊ မကြာခင် တက္ကသိုလ်ကြီးကိုထားခဲ့ပြီး အိမ်ပြန်ရမှာကို ကြောက်နေရတာကတစ်မျိုး၊ ကိုယ့်အကြောင်းနှင့်ကိုယ် ဆောက်တည်ရာမရဖြစ်ကာ ရင်ထဲတွင် လစ်ဟာနေသည်က တစ်မျိုးနဲ့ ခုပြန်တွေးမိရင် ခုတောင် ရင်ထဲတွင်ဟာတာတာ ဖြစ်ချင်မိပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ဆရာဘယ်လိုပြောပြော ကိုယ့် အလုပ်နှင့်ကိုယ် ရှုပ်နေပြီး ဆောင်းပါးရေးရန် ကိစ္စကို ကျွန်တော် လုံးဝမေ့လျော့သွားပါတော့သည်။

သို့သော်လည်း ပြန်လည်သတိရစရာအကြောင်းများ က ရေမြေခြားသည့်အရပ်တွင်မှ ဖန်လာခဲ့ရပေသည်။ ၂၉-၁၀-၂၀၀၃ရက်တွင် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချ ရေး ဗီဒီယိုညှိနှိုင်းဆွေးနွေးပွဲကို နိုင်ငံကိုယ်စားပြု တက် ရောက်ရန် ကျွန်တော် ထိုင်းနိုင်ငံ ဗန်ကောက်သို့ ရောက်သွား သည်။၃၀-၁၀-၂၀၀၃ရက် နံနက် ၈:၃၀နာရီမှာတော့ ချူလာ လောင်ကောင်တက္ကသိုလ် ဗဟိုစာကြည့်တိုက် အပေါ်ဆုံး အထပ်ရှိခန်းမကြီးထဲတွင် ကျွန်တော်ရှိနေသည်။ မြန်မာနိုင်ငံ မှ ကျွန်တော်နှင့် ကျွန်တော့်အား ကူညီရန် လုပ်ဖော်ကိုင်ဖက် တစ်ဦးနှင့် ထိုင်းနိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်နှစ်ဦးတို့က ထိုအခန်းထဲမှနေ၍ အစည်းအဝေးတက်ကြမည်ဖြစ်သည်။ ကျန်ပုဂ္ဂိုလ်များကတော့ ဝါရှင်တန်၊ တိုကျို၊ ဂျကာတာနှင့် အာဆီယံနိုင်ငံများမှ ၎င်းတို့မြို့တော်များရှိ သက်ဆိုင်ရာ ဗီဒီယိုအစည်းအဝေး ခန်းမထဲတွင်သာ ထိုင်နေပြီး ပါဝင် ဆွေးနွေးကြမည်ဖြစ်ပါသည်။ ကျွန်တော်တို့အခန်းထဲတွင် ကျွန်တော်တို့ လေးဦးအပြင် ချူလာလောင်ကောင် တက္ကသိုလ်နှင့် ဗဟိုစာကြည့်တိုက်မှ တာဝန်ခံများ၊ ဗီဒီယို အတတ်ပညာရှင်များ စုစုပေါင်း ၁၀ ယောက်ကျော်ကျော် လောက်လည်း ခန်းမထဲတစ်နေရာတွင် ရှိကြသည်။

ကျွန်တော်၏ရှေ့ စင်မြင့်ပေါ်မှာတော့ ၁၀ ပေ ပတ်လည် ပိတ်ကားကြီးနှစ်ချပ်၊ ညာဘက်က ပိတ်ကားပေါ် မှာတော့ အခြားနိုင်ငံများသို့ ထုတ်လွှင့်ထားသည့် ကျွန်တော် တို့၏ရုပ်ပုံများကို ကျွန်တော်တို့ပြန်မြင်နေရသည်။ လက်ဝဲ ဘက် ပိတ်ကားပေါ်မှာတော့ အခြားနိုင်ငံများမှ ပုဂ္ဂိုလ်များ၏ ရုပ်ပုံများကို တစ်ခါတစ်ရံ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက် ဖြစ်စေ၊ တစ်ခါတစ်ရံမှာလည်း အဖွဲ့အားလုံး၏ ပုံများကို ပုံသေးသေးလေးများနှင့်ဖြစ်စေ တွေ့ရသည်။ ဂျကာတာရှိ အာဆီယံအတွင်းရေးမှူးရုံးက အခန်းအနားမှူးအဖြစ် ဆောင် ရွက်နေခြင်း ဖြစ်သော်လည်း ဗီဒီယိုကိုတော့ ဝါရှင်တန်ရှိ ကမ္ဘာ့ဘဏ်က တိုက်ရိုက်တည်းဖြတ်ပေးနေခြင်း ဖြစ်ပါ သည်။ ဘယ်နိုင်ငံကပဲဖြစ်ဖြစ် စကားပြောလျှင် ပြောနေသူ ၏ရုပ်ပုံက ဘယ်ဘက်က ပိတ်ကားကြီးပေါ်တွင် ပေါ်လာ လေ့ရှိသည်။

အင်ဒိုနီးရှားနှင့် မလေးရှားပြီးသောအခါ ကျွန်တော့် အလှည့်ရောက်လာသည်။ ချမှတ်ထားသော မူဘောင်ထဲမှ မလွတ်အောင်ပြောနိုင်ဖို့ ကျွန်တော်ပြင်ဆင်ထားသည်။ သို့သော် ထိုဘောင်အတွင်းမှ စာအုပ်ကြီးအတိုင်း ပြောလျှင်လည်း အားလုံးအိပ်ပျော်သွားကြမည်ဖြစ်၏။ ထို့ကြောင့် ထိုဘောင်အတွင်းမှနေပြီး သူတို့အာရုံကို အမိ အရဖမ်းစားနိုင်အောင် ကြိုးစားပြီး ကျွန်တော်ပြောရသည်။

'ဝ'ဒေသတွင် မြေပြန့်ဟူ၍ နည်းပါးပြီး မီတာ ၈၀၀ မှ ၂၀၀၀ ဝန်းကျင်ထိ မြင့်မားကြသော တောင်ကုန်းတောင်တန်း များဖြင့်သာ ပြည့်နှက်နေကြောင်း၊ မြေပြန့်နည်း၍စပါးကို စိတ်လိုသလောက် မစိုက်နိုင်ကြသဖြင့် တစ်နှစ်မှာ ခြောက်လ ခန့်သာ ဆန်ဖူလုံမှုရှိကြောင်း၊ ပေါများလှသည့်ထိုတောင်တန်း တွေ၏ အမြင့်မှာလည်း ဘိန်းစိုက်ပျိုးရန်အတွက် အသင့် တော်ဆုံးအမြင့်ဖြစ်နေပြီး မြေရာရာသီဥတုကပါ သဘာဝ အလျောက် ဘိန်းစိုက်ပျိုးရန်အတွက်သာ သင့်လျော်နေ သည်ကို တွေ့ရကြောင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး စာမတတ်သူဦးရေများ ရသည့်အထဲ ဘာသာစကားကလည်း အခက်အခဲရှိကြောင်း၊ သို့သော်လည်း ဘိန်းစိုက်တာ မကောင်းဘူးဟု သိသည့်အချိန်မှစ၍ ကိုယ့်အားကိုယ်ကိုးပြီး ၂၀၀၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့ (ထိုနေ့မှာ International Day Against Drug Abuse and Illicit Trafficking၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရား မဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ပါသည်) တွင် 'ဝ'ဒေသကို မူးယစ် ဆေးဝါးကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင် အောင် 'ဝ'တိုင်းရင်းသားများ ကြိုးစားဆောင်ရွက်နေကြ ကြောင်း၊ နိုင်ငံတော်ကလည်း 'ဝ'ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက်သာမက (၁၅)နှစ် စီမံကိန်းချမှတ်ဆောင်ရွက်နေပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါး ကင်းလွတ်နေမြေအဖြစ် ကြေညာနိုင်အောင်ကြိုးစားနေ ကြောင်း၊ နိုင်ငံတကာအကူအညီဆို၍ မည်မည်ရရ မရပါကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ "ဝ"တိုင်းရင်းသား တွေရော နိုင်ငံတော်ကပါ ကိုယ့်အသိစိတ်ဓာတ်နှင့်ကိုယ် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ကျေးလက်ဒေသ ဆင်းရဲမှု လျှော့ချရေးကို ဆောင်ရွက်နေကြလျက်ရှိကြောင်း စသည်ဖြင့် ပြောပြလိုက်ပါသည်။

ကျွန်တော် မိုက်ကရိုဖုန်းကို ပိတ်လိုက်သည်နှင့် ဘယ်ဘက်က ပိတ်ကားကြီးပေါ်တွင် ဝါရှင်တန်ရှိ ကမ္ဘာ့ ဘဏ်မှ ပုဂ္ဂိုလ်တစ်ဦး၏မျက်နှာက ပိတ်ကားအပြည့်ပေါ်လာ သည်။ သူက "ဝ"ဒေသအကြောင်း ကျွန်တော်ပြောပြသည် ကို တကယ်ပဲစိတ်ဝင်စားသွားမိကြောင်း ပြောပြပါသည်။ (ယခင်ကလည်း "ဝ"ဒေသအကြောင်း သူသိတော့သိဟန်တူ ပါသည်။ သို့သော် ကျွန်တော်ပြောပြသည့် အချက်များ ကိုတော့ သိပုံမရ) သူ့မျက်လုံးတွေ ဝင်းလက်နေပြီး မျက်နှာ ပေါ်ကစိတ်အားထက်သန်မှုကို အတိုင်းသားတွေ့လိုက်ရသော အခါ ကျွန်တော့်ရင်ထဲတွင် ကျေနပ်သွားသည်။ ဆက်လက်ပြီး ၎င်းက ကျွန်တော်တို့ ကြိုးကြိုးစားစား ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေကြပုံများကို သိရ၍ ဝမ်းသာမိပါကြောင်း၊ အသိအမှတ်ပြုပါကြောင်းပြောပြီး ဆွေးနွေးစရာရှိသည်များကို ဆက်လက်ဆွေးနွေးပါသည်။

ကျွန်တော်၏ တင်ပြချက်အပေါ် ဆွေးနွေးရန် အလှည့်ကျရောက်သော အင်ဒိုနီးရှားနိုင်ငံက ဆင်းရဲမှု လျှော့ချရေးနှင့်ပတ်သက်၍ ဆောင်ရွက်ကြမည့်အစီအစဉ် များမှာ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံ ပုံသဏ္ဌာန်ချင်း ထပ်တူ ထပ်မျှ မတူသော်လည်း ကြုံတွေ့နေရသည့် အခက်အခဲ ပြဿနာများအနေဖြင့်မူ အတူတူပင်ဖြစ်နေ၍ ကိုယ်ချင်း စာမိပါကြောင်းနှင့် အထူးအထွေဝေဖန်အကြံပြုရန် မရှိပါ ကြောင်း ပြောသွားသည်။

ကျန်သည့်နိုင်ငံများကလည်း ကျွန်တော့်တင်ပြချက် အပေါ် အသီးသီးဆွေးနွေးသွားကြပြီး ခဏအကြာတွင် အစည်းအဝေးကို ခေတ္တရပ်နားလိုက်သည်။

ကော်ဖီသောက်ရန် ခန်းမထဲမှ အပြင်မထွက်ကြခင် ၎င်းတို့အလှည့်မရောက်သေးသော ထိုင်းနိုင်ငံမှ ကိုယ်စား လှယ်နှစ်ဦးက ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး Congratulation ဟု ဝမ်းသာအားရပြောကြသည်။ ကျွန်တော်၏ရင်မှာလည်း ကျေနပ်နှစ်သိမ့်သည့် လှိုင်းတစ်ခု ငြိမ့်ခနဲ ရိုက်ခတ်သွားသည်။

ထိုညက ကျွန်တော် တော်တော်နှင့်အိပ်မပျော်နိုင်။ အထပ်ပေါင်းများစွာမြင့်သော ဟိုတယ်အခန်းမှန်ပြူတင်း မှ အောက်သို့ငုံ့ကြည့်နေမိသည်။ ညဉ့်နက်နေသည့်တိုင်အောင် ကားများ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေကြသကဲ့သို့ ကျွန်တော်၏စိတ်များသည်လည်း ဂနာမငြိမ်နိုင်ကြ။ အတွေးတို့သည်လည်း ဟိုနှစ်ပေါင်းများစွာက မန္တလေး တက္ကသိုလ်ဆီသို့ ခုန်ပေါက်ပြေးလွှားသွားကြတော့သည်။

ကျွန်တော် မန္တလေးတက္ကသိုလ်ရောက်ပြီး နှစ်နှစ်နီးပါး ကြာသောအခါ ညနေပိုင်းအချိန်တွေ အားနေသည်။ သို့ဖြစ်၍ ညနေ ၃နာရီတွင်စသော အတန်းကြီးသမားတို့သင်သည့် အင်္ဂလိပ်စာအတန်းကို သွားတက်သည်။ နောင်သောအခါ အားနေသည်ကတစ်ကြောင်း၊ ထိုအတန်းက ဆရာ၏သင်ပြ ပုံကို အလွန်စိတ်ဝင်စားမိ၍ တစ်ကြောင်းတို့ကြောင့် ထိုအတန်းကို အမြဲသွားသွားတက်သည်။ သို့သော် ထိုအတန်း ကတကယ့်အတန်း။ ကျောင်းသူကျောင်းသား ၁၃ယောက်သာ ရှိသော ထိုစာသင်ခန်းအတွင်း၌ ကုတ်ခြောင်းခြောင်းနှင့် ထို ၁၃ ယောက်တို့၏ နောက်ကခုံတွင် စာလိုက်နေသော ကျောင်းသားတွင် ထိုအတန်းတွင်သင်သည့် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်အပြည့်အစုံပါပြီး ဆရာရှင်းပြသည်များကို တရှောရှောနှင့်လိုက်မှတ်နေသည့်တိုင် ထိုကျောင်းသားမှာ သူ့တပည့်မဟုတ်သည်ကို အင်္ဂလိပ်စာပါမောက္ခ ကောင်း ကောင်းသိပါသည်။ ပထမဆုံး စလိုက်သည့်နေ့ကစပြီး ဆရာသိပုံရသည်။ ကျွန်တော့်မှာတော့ ဆရာကျွန်တော့်ကိုများ မောင်းထုတ်လေမလားဟု ရင်ထဲတွင် တထင့်ထင့်။ မောင်း မထုတ်သည့်တိုင် မင်းကဘယ်သူလဲဟု မေးလိုက်လျှင်တောင်မှ ရှုပ်ကုန်တော့မည်ဖြစ်သည်။ သို့သော် ဆရာကမျက်နှာရိပ် မျက်နှာကဲကို အလွန်သိသည့်အပြင် အလိုက်လည်းသိသည်။ ကျွန်တော့်အပေါ်တွင်လည်း အလွန်ညှာသည်။ (ကျွန်တော့် ရင်ထဲက စာလိုက်လိုသည့်ဆန္ဒကို ဆရာအလိုလိုသိနေပုံရပါ သည်။)

ကျွန်တော် ကြောက်သွားမှာ စိုး၍လားမသိ၊ ကျွန်တော့် ကို လုံးဝမကြည့်ဘဲ စာကိုသာသင်သည်။ ကျွန်တော် ရင်အခုန်ရပ်သွားပြီး စာထဲတွင်အာရုံစီးမျောသွားသည်။

ထိုစဉ်ကငြိမ့်ညောင်းလှသည့် ဆရာ၏ သင်ကြားပို့ချသံ များကို ကျွန်တော်ယနေ့တိုင် မမေ့နိုင်။ ခရစ္စတီနာ ရော့ဇ်ဂျီယာ ရိုဆက်တီ၏ "မိုးရိပ်လေရိပ် သစ်ဝါးရိပ်ဟု အရိပ်ကိုလျှင် မမြင်သာဘဲ---ဘယ်မှာနေထွက် ဘယ်ဘက်နေဝင် မမြင် သာဘဲ---ကိုယ့်မှာမိန်းမော အိပ်မက်တော၌ တွေးတော ဆင်ခြင် မောင့်ရုပ်သွင်ကို လွမ်းချင်လွမ်းနေမှာပေါ့ကွယ်" ဟူသော "နှုတ်ဆက်တေး"အမည်ရှိသော ကဗျာမျိုးအပါ အဝင် ကမ္ဘာ့ဂန္ထဝင် ကဗျာများ။

ဆရာသည် ဘာသာစကားကို မြတ်နိုးသည့်စိတ်နှင့် အနုပညာပိုးကို ကျွန်တော်၏ဦးခေါင်းအတွင်းသို့ ရိုက်သွင်း ခဲ့လေပြီ။ ထိုအချိန်မှစ၍ ဘာသာစကားကို ကျွန်တော် အရူးအမူး လေ့လာခဲ့သည်။ ထိုဘာသာစကား လေ့လာရခြင်း ကို ဝါသနာကြီးလွန်းသောကြောင့် ပြဿနာတက်ရ၊ ဒုက္ခ ရောက်ရ၊ အထင်လွဲခံရ၊ အရှက်တကွဲ အကျိုးနည်းဖြစ်ရ သည်များလည်း အကြိမ်ကြိမ်။ တစ်ခါကလည်း ရင်းနှီးသည့် မိတ်ဆွေတစ်ဦး ထမင်းဝိုင်းတွင် မှားယွင်းသောအသံထွက် တစ်ခုကို ထပ်ခါတလဲလဲပြောနေ၍ မနေနိုင်သဖြင့် ကျွန်တော် ဝင်ပြင်ပေးမိသည်။ သူက အရက်ကလေးခပ်ထွေထွေဖြင့် "အေးဗျာ ကျွန်တော်က အင်္ဂလိပ်စာအသံထွက် ဘယ်မှန်နိုင် မလဲဗျာ။ ဘာကြောင့်လည်းဆိုတော့ ကျုပ်အဖေက ဗမာ ကိုးဗျ"ဟု ပြောတာလည်းခံရဖူးသည်။ ကြာသော် သူငယ်ချင်း တွေက ဒီလောက်တောင် လွန်ကဲရကောင်းလားဟု ကျွန်တော့် ကို ဝိုင်းပြီးဝေဖန်ကြသည်။ ပြစ်တင်ကြသည်။ ရှုတ်ချကြ သည်။ သို့သော် ကျွန်တော်မမှု။ ဆရာ၏ သင်ကြားပို့ချသံ များက အလွန်ကြီးမားသည့် စွမ်းအားတစ်မျိုးဖြင့် ကျွန်တော်၏ နောက်ကျောကို ကျားကန်ပေးထားသည်။

ယခုအစည်းအဝေးတွင် အချို့နိုင်ငံမှ ပုဂ္ဂိုလ်များ စာဖတ်ပြောကြသော်လည်း ကျွန်တော်ကတော့ ပိတ်ကား ပေါ်မှ သူတို့မျက်နှာကိုသာကြည့်ကာ "ငါသူတို့ကို မုချ ဖမ်းစားနိုင်ရမည်"ဟူသော ယုံကြည်ချက်အပြည့်ဖြင့် ရယ နော၍ ပြောခဲ့သည်။ ယခုတော့ အချို့နိုင်ငံနှင့် အချို့ လူများ အပြစ်ဖို့ရန် ကြိုးစားနေကြသော ကျွန်တော်တို့ "ဝ" တိုင်းရင်းသားများ၏ "အသည်းထဲကရွှေ"ကို သူတို့သိသွား ကြပြီ။ ရုတ်တရက် ဆိတ်ငြိမ်သွားကြပြီး "ဝ"တိုင်းရင်းသား များကို စာနာစိတ်များ တဖွားဖွားပေါ်ထွက်လာကြလေပြီ။

ဤသည်မှာ ကျွန်တော်မြတ်နိုးလှသော ကျွန်တော့် ဆရာ အင်္ဂလိပ်စာပါမောက္ခ၏ ကျေးဇူးများကြောင့်သာလျှင် ဖြစ်ပါသည်။ ထိုစဉ်က အားနေသည့် ညနေပိုင်းအချိန်များ တွင် တစ်ပတ်သုံးကြိမ်ခန့် ဆရာ့အတန်းများကို မတက်ခဲ့မိ လျှင် ယခုကဲ့သို့ အစစအရာရာ အဆင်ပြေချောမွေ့သွားနိုင်ရန် မှာ အလွန်တရာမှ ခက်ခဲပေလိမ့်မည်။ နားထောင်နေသူ၏ နှလုံးသားကို ဆတ်ခနဲဖမ်းဆုပ်နိုင်အောင် ပြောနိုင်ဖို့ဆိုသည် ကတော့ ဝေလာဝေး ဖြစ်ပေလိမ့်မည်။

ကျွန်တော်၏အခန်း မှန်ပြတင်းကိုဖြတ်၍ တိုက်ကြီး များကို ကျွန်တော်မြင်နေရသည်။ ကျွန်တော့် မျက်လုံးထဲတွင် ထိုတိုက်ကြီးများပေါ်မှ ကောင်းကင်ထဲ၌ ဆရာ၏ပုံရိပ်အကြီး ကြီးကို မြင်ယောင်လာသည်။ ဆရာသည် အားတက်သရော စာသင်လျက်ရှိ၏။ ဆရာ့ပို့ချချက်များက ကျွန်တော်တို့ နှလုံးသား ၁၄ခုကို ဖမ်း၍ညှစ်ထားသကဲ့သို့ရှိ၏။ ဆရာ သင်ကြားခဲ့ပုံများကို ကျွန်တော်အတုယူခဲ့ခြင်းဖြစ်ကြောင်း ကျွန်တော် ပြန်သတိရလာသည်။ အမိနိုင်ငံကို ပြန်ရောက် ရောက်ခြင်း ဆရာ့ကိုချက်ချင်း သွားကန်တော့လိုစိတ်များ ကျွန်တော်၏ ရင်ထဲတွင် တဖွားဖွားပေါ်လာသည်။ သို့သော် ဤသည်မှာ မည့်သည့်နည်းနှင့်အမျှ ဖြစ်နိုင်လိမ့်မည် မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ဆရာကွယ်လွန်ခဲ့၍ ဖြစ်ပါသည်။ သေချာစဉ်းစားကြည့်ပါမှ ကျောင်းပြီးသည့် အချိန်မှစပြီး ဆရာကွယ်လွန်သွားသည်အထိ ဆရာ့ကို ကျွန်တော် တစ်ခါမှသွား မတွေ့ဖူးကြောင်း ကျွန်တော် သတိရလာသည်။ ကန်တော့ဖို့ ဆိုသည်မှာ စိတ်ကူးထဲပင် မထည့်မိခဲ့။ ကျွန်တော်ကား တကယ့်တပည့်မိုက်ပေတည်း။

နောက် ဆရာရင်းတစ်ယောက်ကိုလည်း ကျွန်တော် သတိရလာပြန်သည်။ဆရာကား ယောကျ်ားပီသပြီး ဥပမိရုပ် အလွန်ကောင်းသော်လည်း အိမ်ထောင်မရှိ၊ သားသမီးလည်း မရှိ။ တပည့်တွေသည်သာ သူ၏အိမ်ထောင်၊ တပည့်တွေ သည်သာ သူ၏သားသမီးများပင်ဖြစ်သည်။ တပည့်တွေကို လိမ္မာစေချင်၊ တော်စေချင်၊ တတ်စေချင်၊ ပေါက်မြောက် စေချင်လွန်း၍ ဆရာ့မှာ ခြေမကိုင်မိလက်မကိုင်မိ အမြဲဖြစ်ရ သည်။ သင်လိုက်၊ ကြားလိုက်၊ ဆုံးမလိုက်ရသည်မှာက လည်းအမော။ အနှစ်နှစ်ဆယ်ကျော်လောက် ကွဲကွာနေ သည့် တပည့်တွေကို ဘူတာမှာတွေ့တွေ့၊ လေဆိပ်မှာ တွေ့တွေ့ ဒက်ခနဲနာမည်ခေါ်နိုင်သည်။ တကယ့်ရှာမှရှား ဆရာပင်တည်း။ ယခုတော့ ဆရာကွယ်လွန်ခဲ့သည်မှာ ဆယ်နှစ်ကျော်၊ ဆယ့်ငါးနှစ်နီးပါးပင်ရှိခဲ့လေပြီ။ ကျွန်တော် ဆိုသော ထိုတပည့်မိုက်သည် ထိုဆရာရင်းကိုလည်း တစ်ခါမှ မကန်တော့စဖူး။ ကျွန်တော်၏အောင်မြင်မှု များကို ကျွန်တော်တန်ဖိုးမှ ထားသင့်သေးရဲ့လား။ ကျွန်တော့်ကိုယ်ကျွန်တော် မဖော်ပြနိုင်လောက်အောင်ပင် မကျေမချမ်းဖြစ်နေမိပါသည်။

ကျွန်တော်နှင့်အတူပါလာသော မန္တလေးတက္ကသိုလ်မှ အကန်တော့ခံဆရာ၊ ဆရာမကြီး ၁၃၂ဦး၏အမည်စာရင်း ကို ကျွန်တော်ပြန်ကြည့်မိသည်။ စာရွက်ပေါ်မှဆရာ၊ ဆရာမကြီးများ၏ နာမည်များကို တွေ့လိုက်ရသောအခါ ထိုဆရာ၊ ဆရာမကြီးများ သင်ကြားခဲ့သောစာများကို အလိုလိုပြန်လည်ကြားယောင်လာပြီး ကျွန်တော်သည်လည်း နှစ်ပေါင်းမြောက်မြားစွာ ပြန်လည်၍ နုပျိုလာတော့၏။ နုပျိုသည့်အကြောင်း တွေးမိသည်နှင့် "ကျွန်တော်ကဲ့သို့သော တပည့်များ အရွယ်ကောင်းနေဆဲဖြစ်ပြီး ကျန်းမာရေးနှင့် ပြည့်စုံနေကြသကဲ့သို့ ဤစာရွက်ပေါ်မှ ဆရာ၊ ဆရာမကြီး များရော နေမှကောင်းကြရဲ့လား၊ ကျန်းမှကျန်းမာကြရဲ့ လား"ဟု အတွေးတွေ ဆက်မိပြန်သည်။ သူငယ်ချင်းတွေ ကို အချို့ဆရာ၊ ဆရာမကြီးများ အိပ်ယာထဲမှာတောင် လဲနေကြပြီဟု ပြောခဲ့ကြသည့်စကားများကို ပြန်လည် သတိရမိသောအခါ ကျွန်တော့်ရင်ထဲတွင် နင့်သွားသည်။ တစ်ဆက်တည်းမှာပင် အတွေးတစ်ခုသည် ကြယ်တံခွန် ပြတ်သကဲ့သို့ ကျွန်တော်၏ဦးခေါင်းထဲသို့ လက်ခနဲ ဝင်ရောက် လာသည်။ ၂၄-၁၁-၂၀၀၃ရက်နေ့၌ ဘဝတွင် အောင်မြင်ကျန်းမာနေသော တပည့်များကန်တော့နေကြသည် ကို မြင်လိုက်ရလျှင် တချို့သော ဆရာ၊ ဆရာမကြီးများ၏ တော်ရုံတန်ရုံရောဂါများ ယူပစ်လိုက်သလို ပျောက်သွားနိုင် လောက်သည်။ ဤသည်ကို တပည့်များ အမှတ်ရမှရကြ ပါလေစ။ ဤသည်ကား ကျွန်တော့်အတွက် မည်သည့် နည်းနှင့်အမျှ မအိပ်သင့်သောည ဖြစ်ခဲ့လေပြီ။ ကျွန်တော် စားပွဲသို့သွားရောက်ထိုင်လိုက်ပြီး စာရွက်ဖြူလေး တစ်ရွက် ပေါ်တွင် စာလုံးလေးများကို ချရေးလိုက်မိသည်။ "မမေ့နိုင် သော နွေဦးညများ"။

မန္တလေးတက္ကသိုလ်သည် သားသမီးရတနာများစွာကို မွေးထုတ်ပေးခဲ့သည်။ အမိတက္ကသိုလ်မှ မွေးထုတ်ပေးခဲ့ သော သားသမီးရတနာများထဲတွင်ယနေ့ထူးချွန်အောင်မြင် နေသူတွေ အများကြီးရှိနေသည်။ အုပ်ချုပ်ရေးဘက်၌ ရောက်ရှိနေသော ခေါင်းဆောင်များထဲတွင် အချို့ရာထူး အတော်ကိုကြီးနေကြပြီ။ နိုင်ငံတော်၏ အလွန်အရေးကြီး သောတာဝန်များကို ကျွန်းမာပျော်ရွှင်စွာဖြင့် ထမ်းဆောင်နေ ကြ၏။ နောက် အခြားတပည့်များ ဘာသာရပ်မျိုးစုံ၊ နေရာမျိုးစုံမှာရှိနေကြပြီ။သူတို့သည် တစ်ခါက ဤ ၁၃၂ ဦးသော ဆရာ၊ ဆရာမကြီးများ၏ အဆုံးအမ တစ်ခုခုကို ရင်မှာပိုက်ပြီး ကျားကုပ်ကျားခဲ ကြိုးစားခဲ့ကြ၍သာ ဤအခြေအနေမျိုးရောက်နေကြသည်ဆိုသည်ကို မည်သူမျှ မငြင်းနိုင်။ သည့်နည်းတူ မြန်မာတစ်နိုင်ငံလုံးရှိ ဆရာ၊ ဆရာမများနှင့် တပည့်များအကြားတွင် စည်းနှောင်ထား သော သံယောဇဉ်နှောင်ကြိုးများသည် နိုင်ငံတော်အတွက် ကောင်းဖို့သာ ဖြစ်ကြပေမည်။ "ဆရာဆိုသည်မှာ ကျောင်းသားတစ်ယောက်ကို စာသင်ပေးရန်အတွက်သာ မဟုတ်။ တပည့်ကို လူတော်လူကောင်းတစ်ယောက်ဖြစ် အောင်လုပ်ပေးရန်ဖြစ်သည်"ဟူသောကမ္ဘာတွင် ကျော်ကြား သည့် ပြောစကားတစ်ခွန်းလည်း ရှိသည်မဟုတ်လား။

ကျွန်တော်သည် မန္တလေးတက္ကသိုလ်၏ နွေဦးညများ ကို ဘယ်တော့မှ မမေ့နိုင်ကြောင်း ပြောခဲ့ပြီးပြီ။ ထိုနွေဦးည များကို သတိရသည့်အခါတိုင်း ကျွန်တော်သည် အမြဲနုပျို သွားလေ့ရှိ၏။

ယခုတော့ ထိုနွေဦးညများကို သတိရသည့်နည်းတူ ကျွန်တော့်အား လက်ရှိအခြေအနေသို့ ရောက်အောင် သင်ကြားပြသ သွန်သင်ဆုံးမခဲ့ကြသော ဆရာ၊ ဆရာမများ ၏ ဂုဏ်ကျေးဇူးကို အသက်နှင့်ခန္ဓာ တည်မြဲသရွေ့ မမေ့ မလျော့ သတိရနေသင့်သည်သာဖြစ်ကြောင်း ကျွန်တော် ကောင်းစွာ သဘောပေါက်ခဲ့ပါ ပြီ။

ကျွန်တော်ကဲ့သို့ အလားတူ ခံစားနားလည်ကြသူ များစွာရှိမည်ဖြစ်ပါသည်။ ထိုသူများ၏ကိုယ်စား ရေးသား တင်ပြလိုက်ရပါသည်။

မန္တလေးတက္ကသိုလ် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

မန္တလေးယူနီဗာစီတီကောလိပ်၊ သီးခြားတက္ကသိုလ်၏ ဆေးပညာမဟာဌာန၊ စိုက်ပျိုးရေးပညာ မဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဝိဇ္ဇာသိပ္ပံ ဘာသာရပ်အသီးသီးနှင့် မန္တလေးတက္ကသိုလ်တို့တွင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၈)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၁၃၂ ဦးတို့အား တပည့်များက ပူဇော်ကန်တော့ကြမည့် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီ အချိန်တွင် မန္တလေးတက္ကသိုလ်မွေ့ရုံ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေကောက်ခံရန် အချိန်မမီတော့သဖြင့် အလှူငွေမထည့်ဝင်ရသေးသော တပည့်ဟောင်း ကျောင်းသူ၊ ကျောင်းသားဟောင်းများအနေဖြင့် ဒေါက်တာညွန့်လွင်-ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်၊ ဖုန်း ၀၂-၃၆၆၂၉၊ ၀၂-၃၄၄၂၀၊ ၀၉-၂၀၀၀၂၃ နှင့် ဦးဝင်းမောင်-ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ် ဖုန်း ၀၂-၅၃၈၉၃၊ ၀၉-၂၀၀၀၂၀တို့ထံ တိုက်ရိုက်ပေးပို့လှူဒါန်းသွားကြရန်နှင့် မိမိတို့ထံသို့ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာများရောက်သည် ဖြစ်စေ၊ မရောက်သည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ကြပါရန် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီမှအထူး မေတ္တာရပ်ခံထားသည်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုဝင်ဘာ ၁၄ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Bai Enpei နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမ၌ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

တန်ဖိုးမဖြတ်နိုင်သည့်အတွေ့အကြုံများကို နည်းနာခံယူ တိုက်ပွဲဝင်နိုင်သည့်လေသူရဲကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်

❀ **နိုင်ငံတော်မှ**

တပ်မတော်(လေ)မှ လေတပ်စခန်း ဌာနချုပ်မှူး၊ လေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မိတ္ထီလာတပ်နယ် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်းက ကျောင်းဆင်းတပ်ဖွဲ့နှင့် ဂုဏ်ပြုတပ်ခွဲများအား စစ်ဆေးပြီးနောက် အဆိုပါ တပ်ဖွဲ့၊ တပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းသို့တပ်ဖွဲ့၊ တပ်ခွဲများ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြစဉ်တွင် တပ်မတော်(လေ)မှ ဂျက်တိုက်လေယာဉ်များ၊ အမောင်းသင်လေယာဉ်များက အုပ်စုဖွဲ့၍ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းအား ဝေဟင်မှ အလေးပြုပျံသန်းကြသည်။

ထူးချွန်ဆုချီးမြှင့်

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းက အမှတ်စဉ်(၆၅) လေယာဉ်မောင်းသင်တန်းမှ စာပေထူးချွန်ဆုရ လေ ၂၈၅၃ ဗိုလ်ခိုင်သန့်မိုးအားလည်းကောင်း၊ လေယာဉ်မောင်း ထူးချွန်ဆုနှင့် စံပြလေသူရဲဆုရ လေ ၂၈၇၃ ဗိုလ်ကျော်ဇေယျာမင်းအားလည်းကောင်း ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် အမှတ်စဉ်(၆၅) လေယာဉ်မောင်းသင်တန်း၊ ကျောင်းဆင်းတောင်ပံ အပ်နှင်းသည့်နေ့ဖြစ်ကြောင်း၊ ရဲဘော်တို့အနေဖြင့် အခြေခံနှင့် တန်းမြင့်လေယာဉ် မောင်းသင်တန်းများကို တက်ရောက်ပျံသန်းဆည်းပူး အောင်မြင်ခဲ့ခြင်းကြောင့် လေသူရဲတောင်ပံများကို ဝင့်ဝင့်ကြွားကြွား တပ်ဆင်ခွင့်ရကြတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ဝေဟင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်မည့် တပ်မတော်(လေ) ၏ ခွန်အားသစ်များ တိုးပွားလာသည့်နေ့တစ်နေ့ဖြစ်သည့်အတွက် မင်္ဂလာရှိသည့်နေ့လည်းဖြစ်ကြောင်း၊ ထူးခြားမွန်မြတ်လှသည့် ဤအခါသမယတွင် ရဲဘော်တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မှာကြားစရာရှိသည်များကို အလေးအနက် မှာကြားသွားမည်ဖြစ်ကြောင်း၊ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နေသည့်အချိန်တွင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နည်းပညာမြင့်မားပြီး တိုးတက်ခေတ်မီသည့် လေယာဉ်၊ ရဟတ်ယာဉ်များကို ကျွမ်းကျင်စွာ မောင်းနှင်ပျံသန်းနိုင်သည့် လေသူရဲများ နှစ်စဉ်မွေးထုတ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ အရေအတွက်သာမကဘဲအရည်အချင်း ထက်မြက်မြင့်မားသည့် လေသူရဲများဖြစ်လာရန်အတွက် မိမိတို့ ရောက်ရှိကြမည့် ပျံသန်းရေးအုပ်အသီးသီးတွင် တွဲဖက်လေသူရဲများအဖြစ် အတွေ့အကြုံရယူပြီး ဆက်လက်လေ့ကျင့်ဆည်းပူးကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ လေယာဉ်မောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးဖြစ်၍ လေသူရဲတောင်ပံ အပ်နှင်းခြင်းခံရသည့် လေသူရဲတစ်ဦးဖြစ်လာသည့်အတွက် ဂုဏ်ယူရမှာဖြစ်သကဲ့သို့ လေသူရဲတစ်ဦး၏ ကြီးမားသည့်တာဝန်၊ လေသူရဲတစ်ဦးတွင်ရှိရမည့် ကိုယ်ရည်ကိုယ်သွေးများပါ ပြည့်စုံအောင် ကြိုးစားအားထုတ်နေထိုင် ဆောင်ရွက်သွားကြရန် အထူးအလေးထား မှာကြားလိုကြောင်း၊ လေသူရဲတစ်ဦး၏ ဂုဏ်အင်္ဂါရပ်များတွင် ကိုယ်ရည်ကိုယ်သွေးမြင့်မားခြင်း၊ ထိုးထွင်းဉာဏ်ထက်မြက်ခြင်း၊ သတ္တိရှိခြင်း၊ အမိန့်နာခံတတ်ခြင်း၊ ဇွဲလုံ့လရှိခြင်းတို့ ပါဝင်ကြောင်း။

အတွေ့အကြုံ

ရဲဘော်တို့သည် သင်တန်းဆင်းပြီးသည့်နောက် မိမိတာဝန်ကျရာ လေယာဉ်၊ ရဟတ်ယာဉ် အမျိုးအစားအလိုက် ပျံသန်းမှုများ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းကရရှိခဲ့ပြီးဖြစ်သည့် ပညာရပ်များအပြင် သက်ဆိုင်ရာ လေယာဉ်၊ ရဟတ်ယာဉ်အလိုက် နည်းပြဆရာများ၊ မိမိထက် အတွေ့အကြုံရင့်ကျက်ပြီးဖြစ်သည့် နောင်တော် လေသူရဲများထံက တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံများကို နည်းနာခံယူပြီး တိုက်ပွဲဝင်နိုင်သည့် လေသူရဲကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

ပြောင်းလဲတိုးတက်

လေကြောင်းပညာတီထွင်တိုးတက်လာမှုနှင့် ပတ်သက်လျှင် လူသားများသည် လေထဲ၌ မိမိတို့ဆန္ဒရှိသည့်အတိုင်း ပျံသန်းသွားလာနိုင်ရေးအတွက် အခက်အခဲပေါင်း အနန္တ ရာယ်ပေါင်းများစွာကို ကျော်လွှားပြီးမှ အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၀၃ခုနှစ်တွင် လေယာဉ်စတင်ပျံသန်းနိုင်ခဲ့ပြီး လေကြောင်းပညာ အရှိန်အဟုန်မြင့် တိုးတက်ခဲ့ခြင်းသည် ၁၉၅၇ခုနှစ်တွင် အာကာသအတွင်းသို့ ဂြိုဟ်တုလွှတ်တင်နိုင်ခဲ့သည်အထိ မြင့်မားလာခဲ့ကြောင်း၊ ၁၉၆၁ခုနှစ်တွင် အာကာသအတွင်း လူလိုက်ပါပျံသန်းနိုင်သည်အထိ လေကြောင်းနှင့် အာကာသသိပ္ပံပညာ ဆက်လက်တိုးတက်ထွန်းကားခဲ့ပြီး ၁၉၆၉ခုနှစ်တွင် လပေါ်သို့ လူသားများ ခြေချနိုင်ခဲ့ကြောင်း၊ ၁၉၀၃ခုနှစ် ဒီဇင်ဘာ ၁၇ရက်တွင် ရိုက်ညီနောင်တို့၏ ၁၂စက္ကန့်ကြာအောင် ပျံသန်းခဲ့သည့် ပထမဦးဆုံးသော ပျံသန်းမှုမှစတင် ရေတွက်လျှင် လေကြောင်းသိပ္ပံပညာသည် မဝေးရတော့သည့် ကာလတွင် နှစ်တစ်ရာတင်းတင်းပြည့်တော့မည်ဖြစ်ကြောင်း၊ ယင်းနှစ်များအတွင်း နေ့စဉ်နှင့်အမျှ လျင်မြန်စွာ တိုးတက်ပြောင်းလဲလာသည့် အဆင့်မြင့်နည်းပညာများနှင့်အတူ လေကြောင်းစွမ်းအားများ၊ လေကြောင်းစစ်နည်းဗျူဟာများသည်လည်း ပြောင်းလဲတိုးတက်ခဲ့ကြောင်း၊ ထို့ကြောင့် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် လေယာဉ်၊ ရဟတ်ယာဉ်စွမ်းပကားများ၊ လေယာဉ်လက်နက်စွမ်းပကားများ၊ အီလက်ထရောနစ်စစ်ဆင်ရေးစသည့် အဆင့်မြင့်နည်းပညာဖြင့်ယှဉ်တွဲပေါ်ပေါက်လာသည့် လေကြောင်းစွမ်းအား၊ လေကြောင်းစစ်နည်းဗျူဟာများကို အမြဲလေ့လာသုံးသပ်နေမှသာ လေကြောင်းစစ်ပွဲများ၌ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း။

သင်တန်းဆင်း အမှာစကား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း အမှတ်စဉ်(၆၅) လေယာဉ်မောင်းသင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း အစွမ်းကုန်သယ်ပိုး

ယခင်က နည်းပညာဆန်းသစ် တီထွင်မှုတစ်ခုသည် ၁၀နှစ်ခန့်ကြာမှ တစ်ကြိမ်ပေါ်ထွက်လာသော်လည်း ယခုခေတ်တွင် အလွန်ဆုံး နှစ်နှစ်ခန့် အကြာ၌ နည်းပညာဆန်းသစ်တီထွင်မှု အနည်းဆုံးတစ်ကြိမ် ပေါ်ထွက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အဆင့်မြင့်နည်းပညာ၊ အီလက်ထရွန်းနစ်နည်းပညာ တိုးတက်မှုများ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည်ကို မျက်ခြည်ပြတ်မကျန်ခဲ့စေရန် အမြဲလေ့လာ အားထုတ်ကြရန်လည်း အထူးအလေးထားတိုက်တွန်းလိုကြောင်း။

ဆက်လက်ပြီး ကျန်းမာကြံ့ခိုင်ရေးနှင့် ပတ်သက်၍ မှာကြားလိုကြောင်း၊ လေသူရဲတစ်ဦးအတွက် ကျန်းမာရေးသည် အလွန်အရေးကြီးကြောင်း၊ သာမန်ကျန်းမာရုံဖြင့် လေယာဉ်မောင်းခွင့်မရှိဘဲ လေကြောင်းဆေးပညာ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီသည့် ကျန်းမာရေး အဆင့်အတန်းရှိမှသာ ပျံသန်းရေးတာဝန်ကို အပြည့်အဝ ထမ်းဆောင်နိုင်မည်ဆိုသည်ကို ရဲဘော်တို့ အသိပင်ဖြစ်ကြောင်း၊ ရဲဘော်တို့အနေဖြင့် ကျန်းမာရေးနှင့် ကြံ့ခိုင်ရေးပြည့်စုံအောင် နေထိုင်ကြရမည်။ မည်မျှပင် လေ့ကျင့်ပေးထားသည်ဖြစ်စေ တကယ့်အရေးတွင် ကျန်းမာရေး အဆင့်မမီသဖြင့် ပျံသန်းမှု မပြုလုပ်နိုင်လျှင် နိုင်ငံအတွက် အချည်းနှီး အကျိုးမရှိဖြစ်မည်။ ထို့ကြောင့် ဝေဟင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်ကြရမည့် ရဲဘော်တို့အနေဖြင့် ပျံသန်းရေးတာဝန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်ရန် အမြဲတမ်းကျန်းမာကြံ့ခိုင်နေအောင် အထူးဂရုပြု ကျင့်ကြံနေထိုင်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်(လေ)၏ အရည်အချင်း အရည်အသွေးမြင့်မားရေး၊ စဉ်ဆက်မပြတ် အဆင့်မြင့်လေ့ကျင့်ရေး၊ အင်အားအရေးအတွက် တိုးချဲ့ဖွဲ့စည်းရေးဆိုသည့် ရည်မှန်းချက်သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရဲဘော်တို့သည် ကျရာကဏ္ဍ၌ အားသွန်ခွန်စိုက် ပါဝင်၍ ဦးလည်မသုန် ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားလိုကြောင်း။

ကြိုးစားတည်ဆောက်

ရဲဘော်တို့သည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ် ပြည့်စုံမှုဆိုသည့် အခြေခံအရည်အချင်း ငါးပါးနှင့် ပြည့်စုံကြရမည်။ တစ်ခုနှင့်တစ်ခု ဆက်နွှယ်တည်ရှိသည့် အခြေခံအရည်အချင်း ငါးပါးနှင့် ကိုယ်ကျင့်တရားတို့ကို ရဲဘော်တို့၏ အဇ္ဈတ္တသန္တာန်၌ ထာဝရခိုင်မာ မြဲမြံစွာ ကိန်းအောင်းလာနိုင်ရန် အစဉ်အမြဲပြုမူနေထိုင်ကြရမည်။ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ရာတွင် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်ဆိုသည့် တပ်တည်ဆောက်ရေးလုပ်ငန်းရပ်ကြီး လေးရပ်ကို ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်းများဖြင့် ကြိုးစားတည်ဆောက်ကြရန် အလေးအနက် မှာကြားလိုကြောင်း။

နိုင်ငံတော်အတွင်း နေရာဒေသအနှံ့ ရောက်ရှိတာဝန်ထမ်းဆောင်ကြမည့် ရဲဘော်တို့အား ပြည်ထောင်စု စိတ်ဓာတ်နှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံသည် နေရာတိုင်း၊ ဒေသတိုင်း၌ တိုင်းရင်းသားပေါင်းစုံ အတူတကွ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ တိုင်းနှင့်ပြည်နယ် ၁၄ခုဖြင့် ဖြစ်တည်နေသည့် နိုင်ငံတော်အတွင်း တိုင်းနှင့်ပြည်နယ်တိုင်းတွင် တိုင်းရင်းသားလူမျိုးစု အားလုံးသည် တစ်သားတည်း နေထိုင်လျက်ရှိကြကြောင်း၊ ကာလရှည်လျားစွာ ပေါင်းစည်းနေထိုင်ကြခြင်းကြောင့် တစ်ဦးအပေါ်တစ်ဦး

အမှတ်စဉ် (၆၅) လေယာဉ်မောင်း သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မေတ္တာတရား၊ သံယောဇဉ်တရားများ ခိုင်မြဲနေကြပြီဖြစ်ကြောင်း၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သည့် တိုင်းရင်းသားများသည် တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက် ကာကွယ်စောင့်ရှောက်ကြမည်ဆိုသည့် စိတ်ဓာတ်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ တစ်နည်းအားဖြင့် မှန်ကန်သည့်အမျိုးသားရေး ယုံကြည်ချက်ပေါ်မှ ထွန်းကားလာသည့် မျိုးချစ်စိတ်ဓာတ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒီ့တာဝန်အရေးသုံးပါးကို ဦးလည်မသုန် ထမ်းဆောင်ကြမည့် ရဲဘော်တို့သည် နိုင်ငံနှင့်အဝန်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အတွက် ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်သည် မျိုးချစ်တပ်မတော်ဖြစ်သည့်အတွက် ရဲဘော်တို့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်တစ်လမ်းက ပြည်သူ့အကျိုးပြု လုပ်ငန်းများကိုလည်း ကာလဒေသမရွေး အစွမ်းကုန် သယ်ပိုးဆောင်ရွက်သွားကြရန် အထူးအလေးအနက်ထား မှာကြားလို ကြောင်း။

အားချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင်ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံ၍ တာဝန်သိသိ သစ္စာရှိရှိဖြင့် စည်းလုံးညီညွတ်စွာ ကိုယ်စွမ်းဉာဏ်စွမ်း စိုက်ထုတ်ပြီး တာဝန်များကို ဆတက်ထမ်းပိုး ကျေပွန်အောင်ထမ်းဆောင်ကြရန် မှာကြားလိုကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နံနက် ၉နာရီခွဲတွင် လေကြောင်းအတတ်သင် လေတပ်စခန်းရှိ သူရအုန်းခိုင်ခန်းမ၌ လေသူရဲတောင်ပံ အပ်နှင်းပွဲကို ဆက်လက်ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်မြတ်ဟိန်းက လေသူရဲတောင်ပံများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ကျောင်းဆင်းအရာရှိတစ်ဦးချင်းထံသို့ အပ်နှင်းလိုက်ပြီး သင်တန်းဆင်းအရာရှိများအား လိုအပ်သည်များကို မှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းသည် ကျောင်းဆင်း အရာရှိများနှင့် မိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဂုဏ်ပြုတပ်ခွဲ စစ်ဆေး

ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း အမှတ်စဉ်(၆၅) လေယာဉ်မောင်း သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ကျောင်းဆင်းတပ်ဖွဲ့နှင့်ဂုဏ်ပြုတပ်ခွဲများအား စစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း အမှတ်စဉ်(၆၅) လေယာဉ်မောင်း သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် စာပေထူးချွန်ဆုရ လေ/၂၈၅၃ ဗိုလ်ခိုင်သန့်မိုးအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မူလတန်းကြိုကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်းသို့ ရောက်ရှိလာရာ ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်သွယ်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးသည် စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်း ကလေးငယ်များ ကစားခြင်းဖြင့် သင်ယူနေခြင်း၊ သီချင်းကဗျာ ရွတ်ဆိုခြင်းဖြင့် သင်ယူနေခြင်း၊ ကွန်ပျူတာဖြင့် သင်ယူခြင်း၊ စုပေါင်းသီချင်းဆိုခြင်း၊ ကလေးများအိပ်ခန်း၊ ကလေးကစားခန်း၊ သင်ကြားမှု အထောက်အကူ ပစ္စည်းများ၊ ကလေးစာကြည့်တိုက်နှင့် ကလေးများ စားသောက်နေထိုင်ရေး အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မုန့်များဝေငှ

ထို့နောက် ဝန်ကြီးသည် ဗဟန်းမြို့နယ် ရွှေဂုံတိုင်အလယ်လမ်းမကြီးရှိ လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင် ကလေးပြုစုရေးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားရှိသော ချမ်းမြေ့အိမ် မူလတန်းကြိုကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ရင်သွေးငယ်များအား ဝန်ကြီးက မုန့်များဝေငှပေးသည်။

(သတင်းစဉ်)

အတွေးသစ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၄

မနလ မိခင်အမည်မှား လျှောက်ထားသူများစာရင်း အပါအဝင် မထေရ်မြတ်တို့ စကားဝိုင်း ဓမ္မဘေရီ-အရှင်ဝီရိယ (တောင်စွန်း)၊ နှိုင်းရတန်ဖိုး (ထက်ခေါင်)၊ မြသန်းစံ၊ ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ဒေါက်တာကျော်စိန်၊ စိုးမြိုင်၊ ဒေါက်တာခင်မောင်ညို၊ ခင်ဆွေဦး၊ ခင်စောတင့်၊ ပတ္တမြားကေခိုင်၊ မောင်ဆန်းကြယ်၊ ဖေအောင်ကြိုင်၊ ကျော်ဦး၊ ဦးလှမြင့်၊ စာရေးဆရာ ဘယ်လိုဖြစ်လာသလဲ (ချစ်နိုင်-စိတ်ပညာ)၊ အင်တာနက်သတင်းများ၊ မျက်မှောက်ရန်ကုန်နှင့် စာကောင်းကောင်းသန့်သန့် ဖတ်လိုသူများအတွက် အတွေးသစ်ဂျာနယ် အတွဲ(၄) အမှတ်စဉ်(၁၅၉)ကို ဖြန့်ချိထားသည်။ **(အပေါ်ပုံ)**

(က-ပ)

ဘာသာစကားသင်တန်းများ ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၁၄

နိုင်ငံခြားဘာသာစကား လေ့လာတတ်မြောက်လိုသူများအတွက် အမှတ်(၂၅) နံ့သာလမ်း ဌာနာရပ်ကွက် အလုံမြို့နယ် ခန်းမအနီးရှိ KM Language &Business Centre တွင် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ စပိန်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ မလေး ဘာသာစကား အရေး၊ အဖတ်၊ အပြောအခြေခံနှင့် အဆင့်မြင့် ပညာဒါန သုံးလသင်တန်းများ အပတ်စဉ်(၁၁)ကို နိုဝင်ဘာ ၁၅ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းများကို ဝါရင့်ဆရာကြီးများဖြစ်သည့် ဦးမိုးမြင့်အောင် (Top English အယ်ဒီတာချုပ်)၊ ဦးထွန်းစိန် EEE၊ ဦးအေးချစ် EEAC နှင့် Teacher Rose (နှင်းဆီခင်) တို့က သင်ကြားပေးမည်ဖြစ်ရာ အခြေခံပညာ အထက်တန်းအဆင့်မှစ၍ ဘွဲ့ကြို၊ ဘွဲ့ရများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် စိတ်ဝင်စားသူများ KM Centre ဖုန်း-၂၂၁၁၆၀ သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

လက်ခံတွေ့ဆုံ

နိုဝင်ဘာ ၁၄ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhejiang Province မှ Vice Governor Mr.Zhong Shan နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

သားငါးဖွံ့ဖြိုး၊ ပြည်သူ့အကျိုး

ဧရာ မဲခေါင် ချစ်ကြိုးနှောင်

* စီးခွေရစ်နှောင်၊ မြစ်မဲခေါင်၏
ညီနောင်ပမာ၊ မြန်မာ-လာအို
မြစ်ကိုစုံမျှော၊ ကမ္ဘောဒီးယား
နီးနားမှာ ထိုင်း၊ လေးတိုင်း လေးပြည်
ရပ်ဌာနီက၊ စိုးရကြီးကဲ
တူလက်တွဲပြီး၊ ရှေ့ခရီးမှာ
ပျော်ရွှင်စွာဖြင့်၊ သူ့ရွာကိုယ့်ပြည်
ဝပြောစည်ရန်၊ ပြန်လှန်ထောက်မ
ကူပံ့ကြရေး၊ ဆွေးနွေးတိုင်ပင်
လုပ်ငန်းခွင်သည်
အောင်မြင်ပြီးမြောက်ခဲ့ပါပြီ။

* အောင်မြင်ပြီးမြောက်၊ ခရီးပေါက်မှု
အကြောင်းပြု၍၊ ယဉ်ကျေးမှုနယ်မြေ
မြန်မာပြေ(ပြည်)၏၊ ကျက်သရေမြင့်မောင်း
ရှေးဟောင်းကနက်၊ ဘူမိနက်သန်
မြို့ပုဂံတွင်၊ ပြုံးရွှင်ကြည်နူး
မေတ္တာကူးယှက်၊ တွဲလက်ခိုင်မြဲ
ပူးတွဲကြေညာ၊ ပြုကြပါသည်
နဒီဧရာ၊ မြစ်မဟာသည်
ရှည်ကြာသက်သေ
ဖြစ်တည်နေမှာ မလွဲပါ။

* ဧရာမဲခေါင်၊ ချစ်ကြိုးနှောင်သည်
ပြည်ထောင်လေးခု၊ တိုးတက်မှုကို
ရှေးရှုအစဉ် ရှိလိမ့်တည်း။ ။

ဖိုးဝ

(၁၂-၁၁-၂၀၀၃ရက်နေ့က ပုဂံတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့သော ကမ္ဘောဒီးယား-လာအို- မြန်မာ-ထိုင်း လေးနိုင်ငံ အစိုးရထိပ်သီး အစည်းအဝေးကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ စည်းဝေး

ရန်ကုန် နိုဝင်ဘာ ၁၄

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဗိုလ်ချုပ်သန်းငွေ၊ ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးဗိုလ်မှူးသန်းငွေက အမျိုးသားညီလာခံကျင်းပရာတွင် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စများ၊ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး စီမံခန့်ခွဲမှု ကော်မတီဝင်များအား ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်းဆိုင်ရာ ကိစ္စများကို ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်ပြီး ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။ ထို့နောက် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဆီးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် "ကမ္ဘာ့ဆီးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ/ရောဂါနှိမ်နင်းရေး) ဒေါက်တာစိုးအောင်က ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၀၃ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ကျင်းပရာ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဦးကိုကိုက အမှာစကားပြောကြားသည်။ ထို့နောက် ဆီးချို၊သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေး စီမံချက်မန်နေဂျာ ဒေါက်တာတင့်ဆွေလတ်က ဆီးချို၊သွေးချိုရောဂါအကြောင်းသိကောင်းစရာများနှင့် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဖြစ်ပေါ်လာပုံအကြောင်းကိုလည်းကောင်း၊ ဆေးတက္ကသိုလ် (၂) ရန်ကုန် ဆီးနှင့်ကျောက်ကပ် ဆေးကုဌာနမှ ဆီးနှင့် ကျောက်ကပ် အထူးကုသမားတော်ကြီး ပါမောက္ခ ဒေါက်တာမေမြဝင်းက ဆီးချို၊သွေးချိုရောဂါနှင့် ကျောက်ကပ်ရောဂါကာကွယ်ရေးနှင့် ကုသရေး အခြေအနေများကို လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူအောင်က ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး အကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြောကြသည်။ (သတင်းစဉ်)

တိုင်းဥပဒေအရာရှိ တောင်ငူတွင် ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၄

ပဲခူးတိုင်း ဥပဒေအရာရှိ ဦးဟန်ညွန့်သည် နိုဝင်ဘာ ၁၃ရက်က တောင်ငူခရိုင်ဥပဒေရုံးတွင် တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဥပဒေအရာရှိများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ရောက်ရာဒေသ၊ ကျရာတာဝန်ကို ဥပဒေအရာရှိများက တာဝန်ကျေစွာ ဆောင်ရွက်ကြရန် မှာကြားဆွေးနွေးသည်။

(က-ပ)

ကမ္ဘာ့ ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

(World Diabetes Day)

(၁၄-၁၁-၂၀၀၃)

ဆီးချိုသွေးချိုကာကွယ်ပေး၊ မနှေးဆောင်ရွက်ကျောက်ကပ်အတွက်

Diabetes could cost you your kidneys: act now!

ကျန်းမာရေးဝန်ကြီးဌာန။

ပြည်မြို့ ရွှေဆံတော်စေတီ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပိတ်သိမ်းပွဲ ကျင်းပ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညို

ရန်ကုန် နိုဝင်ဘာ ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့်(၁၀၄)နှစ်ပြည့် ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံ ပိတ်သိမ်းပွဲ အခမ်းအနားကို (တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်) နိုဝင်ဘာ ၁၀ ရက် ညပိုင်းတွင် ရွှေဆံတော်စေတီရင်ပြင်တော်ပေါ်ရှိ မြတ်စွယ်တော်တိုက်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ပင့်ဆောင်

အခမ်းအနားကိုနမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပတ္တမြားစေတီနှင့် မြတ်စွယ်တော် ကိန်းဝပ်တော်မူသည့် စိန်စေတီတို့ကို ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဦးဆောင်လျက် အပူဇော်ခံထားရှိရာ မှန်စီရွှေချ ပလ္လင်တော်ပေါ်မှ အခမ်းအနား ကျင်းပမည့်ယာယီပလ္လင်တော်ပေါ်သို့ပင့်ဆောင်ကြသည်။ ထို့နောက် ဧည့်ပရိသတ်များက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေဆံတော် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရေဝတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေး၊ ပဲခူးတိုင်း (အနောက်ပိုင်း တိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမင်းနှင့် တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးကိုပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များ လှူဒါန်းထားသော အလှူငွေနှင့် ရတနာပစ္စည်းများစာရင်းကို ဂေါပကအဖွဲ့ဝင် ဦးလှမြင့်က ဖတ်ကြားတင်ပြသည်။

အမျှပေးဝေ

ထို့နောက် ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒာဝုဓထံမှ သာဓုအနုမောဒနာတရားနာကြားကာ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ စိန်စေတီ၌ တပ်ဆင်ပူဇော်ထားသော ဗုဒ္ဓမြတ်စွယ်တော်ကို ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တရေဝတက ဖြုတ်သိမ်းပေးပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးကပတ္တမြားစေတီ၌ တပ်ဆင်ပူဇော်ကာ ဂေါပကအဖွဲ့ဝင်များနှင့်အတူ ဂန္ဓကုဋိတိုက်အတွင်းသို့ ပင့်ဆောင်သိမ်းဆည်းသည်။

ရုပ်သိမ်း

အလားတူယာယီပလ္လင်တော်ပေါ်မှ စိန်စေတီကိုလည်း ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမင်းနှင့် တာဝန်ရှိသူများက ဂေါပကအဖွဲ့ဝင်များနှင့် အတူဂန္ဓကုဋိတိုက် အတွင်းသို့ ပင့်ဆောင်သိမ်းဆည်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် ဧည့်ပရိသတ်က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အလိုတော်ပြည့်ဘုရား ဆုတောင်းပွဲတော် သွားလာမှုအဆင်ပြေရန် စီစဉ်ထား

ရန်ကုန် နိုဝင်ဘာ ၁၄

ပြည်တွင်း၊ပြည်ပ သာသနာပြု အလိုတော်ပြည့် ဆရာတော်ကြီး ဘဒ္ဒန္တ အရိယဝံသ (မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဦးစီးကျင်းပမည်ဖြစ်သော ပုဂံ-ညောင်ဦးမြို့ အလိုတော်ပြည့်ဘုရား ဆုတောင်းပွဲတော်ကို ၁၃၆၅ ခုနှစ် နတ်တော်လပြည့် (တနင်္လာနေ့) နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့မှ လိုက်ပါလိုကြသော ဓမ္မမိတ်ဆွေများ သွားလာမှုအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များ စီစဉ်ထားရာ အမှတ်(၁၀၂) ပြည်လမ်းမကြီး (၁၀)မိုင်ကုန်းရှိ ဦးစံအောင်ကျော်-ဒေါ်မနီ ဖုန်း-၆၆၆၉၃၅ ထံတွင် ယာဉ်စီးလက်မှတ်များ ကြိုတင်ဝယ်ယူနိုင်ကြပြီး ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီတွင် စတင်ထွက်ခွာမည်ဟုသိရသည်။ (က-ပ)

ကမ္ဘာ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာအသင်းထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၄

၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်ပြည်ထောင်စု Kiawah Island Resorts (Ocean Course), Kiawah Island, South Carolina ၌ ကျင်းပမည့် World Golf Champoinship-World Cup ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် Professional Golfers များဖြစ်ကြသော ကြည်လှဟန်နှင့်အောင်ဝင်းတို့ပါဝင်သည့် မြန်မာဂေါက်သီးရိုက်အသင်းသည် နိုဝင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

၂၀၀၃ ခုနှစ် ကမ္ဘာ့ဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် အဆင့်ဆင့်လက်ရွေးစင်ပြိုင်ပွဲအောင်မြင်သော ၂၄ နိုင်ငံမှထိပ်တန်းဂေါက်သီးရိုက် အားကစားသမား ၄၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားကြောင်း သတိပေးနှိုးဆော်

ရန်ကုန် နိုဝင်ဘာ ၁၄

ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့်(၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့်(၄) အကြားမှလည်းကောင်း ဖွင့်လှစ်ပေးထားခဲ့သည်။

ယခုအခါ ရေလယ်တိုင်အမှတ် (၃)နှင့်(၄)အထက်တွင် လက်ဝဲစည်းပါးများဖြစ်ပေါ်ပြီး သဲနုန်းများကျဆင်းလာသဖြင့် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို နိုဝင်ဘာ ၃ ရက်မှစ၍မကွေးဘက်တွင်အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁)နှင့်(၂)အကြားသို့လည်းကောင်း၊ အစုန်လမ်းအဖြစ် လက်ရှိလမ်းကြောင်းအတိုင်းရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှလည်းကောင်း ပြောင်းလဲ သတ်မှတ်ပေးထားသည်။

ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် တြိဂံပုံမြားအစိမ်းပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးအနီထွန်းပြသထားသည်။

တံတားများ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ ခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာ၌ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးလုပ်ငန်းနှင့် မန္တလေးစက်မှုဇုန်ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၀ရက် နံနက် ၉ နာရီတွင် ဧရာဝတီတံတား (ရတနာပုံ)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က မန္တလေးဘက်ကမ်း တည်ဆောက်မှု၌ ဘိုးပိုင်တူးခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ဆောက်လုပ်ရေးပစ္စည်းနှင့် စက်ယန္တရားများရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်ကမ်းသို့ ရေယာဉ်ဖြင့်ထွက်ခွာ၍ ဧရာဝတီတံတား(ရတနာပုံ)စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားတိုင်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အရည်အသွေး

ယင်းနောက် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း (စစ်ကိုင်းဘက်ကမ်း) ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက ဧရာဝတီတံတား (ရတနာပုံ)စစ်ကိုင်းဘက်ကမ်း တည်ဆောက်မှု၌ ချဉ်းကပ်တံတားတိုင် ၁၀တိုင်ရှိသည့်အနက် ကိုးတိုင်ပြီးစီးမှု အခြေအနေ၊ ပင်မတံတား ဘိုးပိုင်တူးခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်း တင်ပြပြီးအင်ဂျင်နီယာချုပ်(အထက်မြန်မာပြည်) ဦးမောင်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လုပ်ငန်းအရည်အသွေးစနစ်တကျ စစ်ဆေးဆောင်ရွက်ရေးမှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၁ရက် နံနက် ၉နာရီတွင် မန္တလေး စက်မှုဇုန်(၂) မဏ္ဍလာလမ်းရှိဦးကျော်ဝင်း၊ ဒေါ်သိန်းသိန်းတို့၏ ပဒေသာကျော်တွင် စက်မှုလက်မှုနှင့် ပန်းဘဲလုပ်ငန်း၊ မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းသို့ရောက်ရှိပြီး Royal ကားနှင့် Beauty မော်တော်ကား ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဦးကျော်ဝင်းက နိုင်ငံတော်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းခွင့်ပြုချက်များနှင့်အညီ မော်တော်ကားများကို စနစ်တကျ ထုတ်လုပ်နေမှုနှင့် မိုပုံစံများပြုလုပ်နေမှုတို့ကို လိုက်လံ ရှင်းလင်းပြသသည်။

ဆက်လက်၍ စက်မှုဇုန်(၂) ၅၁လမ်းနှင့် မဏ္ဍလာလမ်းထောင့်ရှိ ဦးသန်းဆွေ၏ ချမ်းသာဖယောင်းစက်နှင့် ဖယောင်းတိုင်ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းတာဝန်ခံ ဦးသန်းဆွေက ဖယောင်းစက်ထုတ်လုပ်မှုနှင့် ဖယောင်းတိုင်ထုတ်လုပ်မှု လုပ်ငန်းအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လုပ်ငန်းခွင်အတွင်း မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး စီမံထားရှိရန်နှင့်လုပ်ငန်းလိုအပ်ချက်များကိုမှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စံပြစက်မှုမြို့သစ် စက်မှုဇုန်(၁) ၆၂လမ်းရှိ ဦးစိုင်းခင်အောင်၏ “မန်း” ကြိမ်ပေါင်းသားစက်ရုံနှင့် ကြိမ်ပရိဘောဂစက်ရုံသို့ သွားရောက်၍ ကြိမ်ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ထုတ်လုပ်ရေးမန်နေဂျာ ဒေါ်နွယ်နီကျော်ဝင်းက လုပ်ငန်းထုတ်လုပ်မှုအဆင့်ဆင့်နှင့် ဖြန့်ဖြူးမှုအခြေအနေတို့ကို လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ၆၂လမ်း ပန်းခြံလမ်းရှိ HI-TECH သစ်အချောထည်စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်အချောထည်များ ထုတ်လုပ်ရန်သစ်များ ပေါင်းတင်၍ သစ်ကြမ်းခင်းပြားများ၊ တံခါးနှင့်တံခါးရွက်များ၊ သစ်အချောထည်အိမ်ဆောက်ပစ္စည်းများနှင့် ပရိဘောဂများ ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

နိုင်ငံတော်၏ ဓာတ်အားကွန်ရက်သို့ တိုးတက်ဖြန့်ဖြူးပေးမည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ကာ နေ့မအား၊ ညမနား ကြိုးပမ်းဖော်ဆောင်မှုကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း၌ ဖွံ့ဖြိုးမှုရလဒ်ကောင်းများ အခိုင်အမာ ဖြစ်တည်နေပြီ ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍ ခိုင်မာတောင့်တင်းစေရန် စွမ်းအင်ကဏ္ဍသည် အရေးပါလျက်ရှိသည်။ ထို့ကြောင့် တပ်မတော်အစိုးရလက်ထက်တွင် လျှပ်စစ်စီမံကိန်းနှင့် သဘာဝဓာတ်အားပေးစက်ရုံစီမံကိန်း ၂၈ ခုနှင့် သဘာဝဓာတ်အားပေးစက်ရုံ စီမံကိန်းခြောက်ခု တိုးချဲ့အကောင်အထည်ဖော်ခဲ့ပြီး ဆက်လက်၍ ဓာတ်အားပေး စီမံကိန်း ၁၁ ခု တည်ဆောက်နေဆဲဖြစ်သည်။ ဓာတ်အားပေးစီမံကိန်းလုပ်ငန်းများအနက် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ပေးနေသကဲ့သို့ ပဲခူးတိုင်း၊ ပဲခူးခရိုင် ရွှေကျင်မြို့တွင် ရွှေကျင်ချောင်းပေါ်၌ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းသည် ရွှေကျင်ချောင်းမှ ရေအားလျှပ်စစ်ဓာတ်အား ၈၃ မဂ္ဂါဝပ်ထုတ်ယူမည့် စီမံကိန်းဖြစ်ပြီး နိုင်ငံတော်၏ ဓာတ်အားကွန်ရက်သို့ တိုးတက်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

(ကြေးမုံ)

စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းကို ပဲခူးတိုင်း၊ ပဲခူးခရိုင် ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင် ချောင်းပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းခွင်ကို အဝေးမှမြင်ရစဉ်။ **(အောက်ပုံ)**နှင့် *တည်ဆောက်ဆဲ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ရေပိုလွှဲမြင်ကွင်း။* **(ယာပုံ) ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)**



ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း

တည်နေရာ	- ပဲခူးတိုင်း ရွှေကျင်မြို့ အရှေ့မြောက် ၆ မိုင်ခန့် အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင် ချောင်းပေါ်၌ တည်ဆောက်နေသည်။
အမျိုးအစား	- ကျောက်ဖြည့်တမံ
အတိုင်းအတာ	- အလျား ပေ ၃၆၁၀ နှင့် အမြင့် ၁၈၅ ပေ
ထုတ်ယူရရှိမည့် ဓာတ်အားပမာဏ	- ၈၃ မဂ္ဂါဝပ်

ခပေါင်း ရေလှောင်တမံ

ပဲခူးတိုင်း၏ ဓာတ်အားထုတ်လုပ်မှု စီမံကိန်းတစ်ခုဖြစ်သည့် အုတ်တွင်းမြို့နယ်၌ အကောင်အထည်ဖော်နေသည့် ခပေါင်းရေလှောင် တမံ ဘက်စုံစီမံကိန်း၏ ဆောက်လုပ်ရေးကာလ စက်ယန္တရားများ ဖြင့် ဆောင်ရွက်နေစဉ်။ (ဝဲပုံ) *ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)*

ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်း

သတင်းဆောင်းပါး-ကျော်စိန်
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံ၏ မြို့တော် ရန်ကုန်မြို့တော်ကြီးအား နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ် လှပတင့်တယ်စေရေးအတွက် ပြုပြင်မွမ်းမံမှုအသစ်တို့ကို ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့တည်ဆောက်လျက်ရှိရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့ သန်လျက်စွန်း၌ တည်ဆောက်လျက် ရှိသော ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေး စီမံကိန်းသည်လည်း နိုင်ငံတကာ အဆင့်မီ စီမံကိန်းတစ်ရပ် ဖြစ်ပေသည်။

ကြေးမုံသတင်းအဖွဲ့သည် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၌ ဆောင်ရွက်လျက်ရှိသော ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်လေ့လာခဲ့သည်။ သန်လျက်စွန်း ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေး စီမံကိန်းရုံးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန လက်ထောက်ဌာနမှူး ဦးတင်ငွေအား တွေ့ဆုံ၍ စက်ရုံနှင့်ပတ်သက်သည့် သိလိုသည်များကို မေးမြန်းခဲ့သည်။

ရန်ကုန်မြို့တော်တွင် မိလ္လာသန့်ရှင်းရေးလုပ်ငန်းကို ၁၉ ရာစုမတိုင်မီ ၁၈၈၅ ခုနှစ်ကစတင်၍ လေမှုတ်စက်ဖြင့် စုပ်ယူပြီးနောက် ရန်ကုန် မြစ်အတွင်းသို့ မှုတ်ထုတ်ကာ မိလ္လာသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့သည်။

ဤလေမှုတ်စက်မှာ အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက တည်ဆောက်ခဲ့သောစက်ရုံဖြစ်သည်။ ယခင်က ၂၄ နာရီလေမှုတ်စနစ်ဖြင့်ထုတ်ပစ်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် စက်၏စွမ်းအင်ကျဆင်းလာမှုကြောင့် ၂၄ နာရီ လည်ပတ်နိုင်ခြင်းမရှိဘဲ နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိသာ လည်ပတ် နိုင်ခဲ့သည်။

မိလ္လာပြွန်စနစ်မှာ မြေအောက်တွင် မိလ္လာပိုက်များကို စနစ်တကျချထား၍ လေမှုတ်စက်ဖြင့်မှုတ်သော စနစ်ဖြစ်သည့်အလျောက် မြန်မာနိုင်ငံတွင် ရန်ကုန်မြို့ တစ်မြို့တည်း၌သာ ဆောင်ရွက်နိုင်ခဲ့သည်။ ဤစနစ်မှာလည်း ငွေကြေးကုန်ကျမှု မြောက်မြားစွာရှိခဲ့သော်လည်း ဤစနစ်ကိုပင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် နှစ်ရှည်ကြာမြင့်စွာ ထိန်းသိမ်းဆောင်ရွက်လာခဲ့ရသည်။

မိလ္လာပိုက်များကို မြေအောက်၌ချထားဆောင်ရွက်ရာတွင် အသုံးပြုသော ပိုက်လုံးများသည် သာမန်ရိုးရိုး ပိုက်လုံးများကို အသုံးပြု၍မရပေ။ ရိုးရိုးပိုက်လုံး အသုံးပြုလျှင် သံပိုက်များကို သံချေးစားသွားနိုင်သောကြောင့် ရေရှည်ခံသော ပိုက်လုံးများကို အသုံးပြုရသည်။ ထို့ကြောင့် နိုင်ငံခြားငွေ အကုန်အကျများ သဖြင့် ရန်ကုန်မြို့မှတစ်ပါး အခြားမြို့ကြီးများ၌ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။

ရန်ကုန်မြို့တော်တွင် စတင်တည်ဆောက်လျက်ရှိသော ဤရေဆိုးများ သန့်စင်စက်ရုံတည်ဆောက်ရေး စီမံကိန်းသည် နိုင်ငံတော်စီမံကိန်းတစ်ရပ်အဖြစ် စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ ဤစနစ်အရ လေမှုတ်စက်ရုံမှ မှုတ်ထုတ်သော မိလ္လာများသည် ရေဆိုးသန့်စင်စက်ရုံသို့ရောက်ရှိလာပြီး မိလ္လာကန်တွင် သိုလှောင်ကာ သန့်စင်အောင်လုပ်ပြီးမှသာ ရန်ကုန်မြစ်အတွင်းသို့ စွန့်ပစ်မည် ဖြစ်သည်။





ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေး စီမံကိန်းအရ အကောင်အထည်ဖော်မည့် ရေဆိုးသန့်စင်စက်ရုံ ပုံစံငယ်ကို တွေ့ရစဉ်။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ပုံစံပြမြေပုံ

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း ရေဆိုးသန့်စင်စက်ရုံတွင် တည်ဆောက်မည့် ရေဆိုးသန့်စင်စက်ရုံ ပုံစံပြမြေပုံကို တွေ့ရစဉ်။ ဓာတ်ပုံ-အောင်မိုး (ကြေးမုံ)

ရန်ကုန်စည်ပင်သာယာရေးအဖွဲ့မှ လေမှုတ်စက်သည် ယခင်က ရန်ကုန် လူဦးရေ နှစ်သောင်းနှင့်ကိုက်ညီအောင် ခန့်မှန်းလုပ်ခဲ့ရာ ယခုအခါ လူဦးရေ များပြားလာသည်နှင့်အမျှ ဝန်နှင့်အားမမျှသဖြင့်စနစ်များကို ပြောင်းလဲလုပ်ကိုင်ရခြင်းဖြစ်သည်။ ယခင်က လေမှုတ်စက်မှ လေထုတ်ခေါင်းတိုင်များဖြင့် အနံ့အသက် ပျောက်စေအောင်လုပ်ခဲ့သော်လည်း ယခုအခါ ရန်ကုန်မြို့တွင် ခေတ်မီတိုက်များ တည်ဆောက်ထားခြင်း၊ တိုက်အထပ်များကလည်း မြင့်မားလာခြင်း၊ လေမှုတ်ခေါင်းတိုင်များ၏ အနံ့အသက်မှာ တိုက်များ၏အောက်တွင်ရှိနေခြင်းကြောင့် အနံ့အသက်ပျောက်အောင် လုပ်သောစနစ်ကို မြေအောက်၌ပင်ထား၍ ခေါင်းတိုင်စနစ်ကို မသုံးဘဲဆောင်ရွက်ခဲ့သည်။

ရန်ကုန်မြို့တွင် လူဦးရေများခြင်းကြောင့် ယခင်လေမှုတ်စက်စနစ်သည် မိလ္လာပိုက်များတစ်ဆို့ခြင်း၊ တောက်လျှောက် မသွားနိုင်ခြင်းစသည့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ရေသန့်စင်စက်ရုံ လုပ်ငန်းကို ဆောင်ရွက်ပြီးစီးသွားလျှင် မိလ္လာပိုက်များ ပိတ်ဆို့ခြင်း ကင်းဝေးသွားမည် ဖြစ်သည်။



ရေကန်တူး

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက် လျက်ရှိသော ရေဆိုးသန့်စင်စက်ရုံတွင် ရေဆိုးများ သိုလှောင်ရန် ရေကန်တူးလျက် ရှိသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-အောင်မိုး (ကြေးမုံ)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၌ မြို့တော်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဆောင်ရွက် လျက်ရှိသော ရေဆိုးသန့်စင်စက်ရုံစီမံကိန်းအရ စက်ရုံအဆောက်အအုံများ တည်ဆောက်လျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-အောင်မိုး (ကြေးမုံ)

ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေး စီမံကိန်းအတွက် လိုအပ်သော ပစ္စည်းအချို့ကို နိုင်ငံခြားမှ မှာယူရသည့်အလျောက် နိုင်ငံခြားငွေသုံးစွဲနိုင်ရေးကို နိုင်ငံတော်က တာဝန်ယူကျခံမည်ဖြစ်ပြီး ပြည်တွင်းငွေသုံးစွဲမှုကို ပြည်သူ့အိုးအိမ်မှ ကျခံမည်ဖြစ်သည်။ လုပ်ငန်းပိုင်းအနေဖြင့် မြို့တော်စည်ပင်မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ပြင်ပပညာရှင်များကိုလည်း လိုအပ်သလို ခေါ်ယူအသုံးပြုမည်ဖြစ်သည်။

ယခုဆောင်ရွက်နေသော ရေဆိုးစက်ရုံစီမံကိန်းကို အချိန်ကာလအားဖြင့် ၂၀၀၄ ခုနှစ် ဧပြီလအတွင်း အပြီးဆောင်ရွက်မည်ဖြစ်သည်။ အမြန်ပြီးစီးနိုင်ရန် အတွက် တာဝန်ရှိသူများက လိုအပ်သောငွေကြေး၊ ပစ္စည်း ပစ္စယများကို ကူညီပံ့ပိုး ပေးလျက်ရှိသည်။

ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနည်းပညာကို နိုင်ငံခြား၌ ပညာဆည်းပူးခဲ့သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှူး ဦးထွန်းသန်းထွန်းနှင့် အခြားတတ်ကျွမ်းသော ပညာရှင်များ က နောက်ဆုံးပေါ်နည်းပညာများဖြင့် ပူးတွဲဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ် လှပတင့်တယ်စေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ရေဆိုးသန့်စင်စက်ရုံ စီမံကိန်းသည် ရန်ကုန် မြို့တော် ခေတ်မီသန့်ရှင်းသပ်ရပ်ရေးအတွက် များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။ **(ကြေးမုံ)**

၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအတွက် အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၄

၁၃၆၅ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ အလှူငွေများ လွှဲပြောင်းပေးအပ်လှူဒါန်းပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များဖြစ်ကြသော ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ စာပေတိုက်များ၊ တေးသံသွင်းလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က ၁၃၆၅ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအတွက် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ မြန်မာတစ်နိုင်ငံလုံးရှိ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ စာပေတိုက်များ၊ တေးသံသွင်းလုပ်ငန်းရှင်များ၊ မိတ္တူကူးကွန်ပျူတာစက်ပိုင်ရှင်များ လှူဒါန်းထားသော အလှူငွေကျပ် ၈၂ သိန်းကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် သက်ကြီး စာပေပညာရှင်များအတွက် ၁၉၉၈ ခုနှစ်တွင် ငွေကျပ် ၁၆ သိန်းကျော်၊ ၁၉၉၉ခုနှစ်တွင် ငွေကျပ်သိန်း၂၀ကျော်၊ ၂၀၀၀ ပြည့်နှစ်တွင် ငွေကျပ်သိန်း၅၀ ကျော်၊ ၂၀၀၁ ခုနှစ်တွင် ငွေကျပ်သိန်း ၆၀ကျော်၊ ၂၀၀၂ ခုနှစ်တွင် ငွေကျပ် သိန်း၇၀ကျော်၊ ယခုနှစ်တွင် ငွေကျပ် ၈၂သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၂၉၉သိန်းကျော် လှူဒါန်းနိုင်ခဲ့သည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်အား ၂၀၀၃ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအတွက် အလှူငွေ ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် အောင်စာရင်းထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၁၄

နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ၁၃၆၄–၆၅ ခု ပညာသင်နှစ်အတွက် ကျင်းပပြုလုပ်ခဲ့သော သာသနတက္ကသီလ မဟာဓမ္မာစရိယတန်းနှင့် သာသန တက္ကသီလ ဓမ္မာစရိယတန်း အတန်းတင်စာမေးပွဲ အောင်စာရင်းများကို နိုဝင်ဘာ ၁၅ရက် (စနေနေ့)တွင်သက်ဆိုင်ရာမော်ကွန်းထိန်းရုံး၌ ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)

ဥပဒေကျောင်းသားများ စတုတ္ထအကြိမ် ဆရာကန်တော့မည်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာနသို့ ၁၉၆၈–၆၉ခုနှစ် ပညာသင်နှစ်တွင် စတင်ဝင်ရောက် ပညာသင်ကြားခဲ့ကြသော ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် ဆရာကန်တော့ပွဲကို နိုဝင်ဘာ ၃၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ညနေ ၅နာရီခွဲမှစ၍ ပြန်လည်ဆုံစည်းကြခြင်း အထိမ်းအမှတ်ညစာစားပွဲ ကျင်းပရန် စီစဉ်ထားသဖြင့် ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်ကြသော ဒေါ်ဖြူဦးစိုးမြင့်၊ ဦးချစ်လှိုင်၊ ဒေါ်ခင်လှမြင့် အမှတ်(၃၄) မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ် ဖုန်း–၃၈၁၉၃၃၊ ၂၅၄၀၅၈ နှင့် ၅၆၅၃၁၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

မင်္ဂလာဦး ဆုမွန်

သူငယ်ချင်း ဟိုအင်းရွှေ(ခ)စိန်အေးနှင့် မခိုင်စိုးဝင်းတို့၏ မင်္ဂလာဦးမှသည် နှစ်ပေါင်းရာတိုင် ဘဝခရီးအား ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါသည်။

သူငယ်ချင်းများ
အောင်ကျော်၊အောင်မျိုးလင်း၊ခင်ရှိန်၊
သက်ထွန်း၊ ဇော်ထွန်း၊ ထွန်းထွန်း၊
ညီညီထွေး၊ သန်းလွင်၊ ကြည်စိုး။

နိုဝင်ဘာလထုတ် တေဇရုပ်စုံ ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၄

၂၀၀၃ခုနှစ် နိုဝင်ဘာလထုတ် တေဇရုပ်စုံတွင် ကာတွန်းဦးဘကြည်၊ စပီကာ(ကနောင်)၊ကျော်ထွဏ်း၊အောင်မင်းမင်း၊ ရွှေလူ၊ ဖိုးဇော်(လှိုင်သာယာ) နှင့် ရွှေရိုးတို့၏ လက်ရာများအပြင် သိပ္ပံစိုးမြင့်နိုင်၊ မန်းတင့်မော်၊ မြတ်လွမ်းနောင် (ပုတီးကုန်း)တို့၏ ကဗျာများ၊ တေဇတို့ကမ္ဘာ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးအတွေး ကလေးအရေးကဗျာကဏ္ဍ၊ ဆေးရောင်လှလှ ခြယ်ကြရအောင်၊ ပုံပြင်ဝတ္ထု စသည့် ကဏ္ဍစုံလင်စွာဖြင့် မြဝတီစာပေတိုက်က ထုတ်ဝေဖြန့်ချိထားသည်။

(အောက်ပုံ) (သတင်းစဉ်)

အာဆီယံ စီမံကိန်းများ အကောင်အထည်ဖော်ရေးညှိနှိုင်းစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၁၄

ASEAN Quiz (FY 2003-2004) နှင့် ASEAN Information Seminar Series (FY 2003-2004) အာဆီယံ စီမံကိန်းများ အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲ တွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊နိုင်ငံတကာဆက်ဆံရေးပညာဌာနနှင့် ပညာရေးတက္ကသိုလ်တို့မှ ပါမောက္ခများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း ASEAN Quiz (FY 2003-2004) နှင့် ASEAN Information Seminar Series (FY 2003-2004) **အာဆီယံစီမံကိန်းများ အကောင်အထည်ဖော်ရေး ညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

မုန်တိုင်းသတင်း

ရန်ကုန် နိုဝင်ဘာ ၁၄

ယနေ့နံနက် မြန်မာစံတော်ချိန် (၀၉း၃၀)နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ထိုင်းပင်လယ်ကွေ့အတွင်း ဖြစ်ပေါ်ခဲ့သော လေဖိအားနည်း ရပ်ဝန်းသည် ကပ္ပလီပင်လယ်ပြင်အတွင်းသို့ ရောက်ရှိပြီး ပိုမိုအားကောင်းလာကာမုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိပြီး ကော့သောင်းမြို့၏ အနောက်တောင်ဘက်မိုင် ၂၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ယင်းမုန်တိုင်းငယ်သည် အနောက် (သို့) အနောက်မြောက်ဘက်ဆီသို့ တဖြည်းဖြည်း ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ရွှေအောင်လံအုပ်(၁၀၀)ပြည့် အထူးထုတ်ထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၁၄

ပျော်ဘွယ်စိုးမြင့်အောင် စီစဉ်တည်းဖြတ်သည့် ရွှေအောင်လံ အုပ်(၁၀၀) ပြည့် အထူးထုတ်ကို စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ဝဲပုံ)**

အုပ် (၁၀၀)ပြည့် အထူးထုတ်တွင် ဆရာတော် ဦးဝေပုလ္လ၏ ပြေလည်စေလိုက ပြည်ကိုလာလည်ပါလား အထူးဆောင်းပါးနှင့် စာရေးဆရာစုံတို့၏ လက်ရာစုံ၊ ရသစုံ ဆောင်းပါး၊အင်တာဗျူး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ အထူးဘာသာရေး ဆောင်းပါးများဖြင့် ထူးထူးခြားခြားထုတ်ဝေထားသည်။(က–ပ)

မနောကြာဖြူ မဂ္ဂဇင်းထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၁၄

၂၀၀၃ခုနှစ် ဒီဇင်ဘာလ အမှတ်–၁၈၊ မနောကြာဖြူမဂ္ဂဇင်းကို ပြုံးပန်းတရာစာပေ အမှတ်–၁၅၆၊ ၃၇လမ်း ကျောက်တံတားမြို့နယ် ဖုန်း–၂၄၅၃၆၀ က ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(အောက်ပုံ)** (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅–၁၁–၂၀၀၃ (စနေနေ့)

၁၃၆၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
၈း၀၅ ၆။ အဆိုပြိုင်ပွဲ
၈း၂၀ ၇။ ဘော်ဘင်ရေလှောင်တမံ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Grammar Made Easy.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၂၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်သံသရာ (အပိုင်း–၁၅)**
၂း၁၀ ၇။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
၂း၁၅ ၈။ **သစ်ဆိမ့်ဖူးစာ (သျှားညို၊ မိုးဒီ၊ မြင့်မြင့်ခိုင်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ–ကြည်စိုးထွန်း)**
၂း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂း၄၅ ၁၀။ International News.
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ –ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၅း၁၀ ၆။ အကပဒေသာ
၅း၂၅ ၇။ တေးဂီတအစီအစဉ်
၅း၃၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၉။ (၂၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုပြင်ဆင်လေ့ကျင့်မှု (သေနတ်ပစ်)
၆း၁၅ ၁၀။ စားကြမယ်ဟော့ကောင်းကောင်း
၆း၃၀ ၁၁။ ညနေခင်းသတင်း
၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၃။ Discovery.
၇း၂၀ ၁၄။ တေးဂီတအစီအစဉ်
၇း၃၅ ၁၅။ ဝင်ငွေတိုးစေဖို့မက္ကဒေးမီးယားသီးနှံစိုက်ကြစို့
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ရုပ်မြင်သံကြားဇာတ်လမ်း မိုးသက်လေကို ခွဲတဲ့ဆောင်း (အပိုင်း–၂) (နိုင်းနိုင်း၊ နေအောင်၊ အိန္ဒြာကျော်ဇင်၊ပပဝင်းခင်၊ ခင်သန်းနု၊မြင့်မြင့်ခိုင်) (ဒါရိုက်တာ–စင်ရော် မောင်မောင်)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ခနဲ့ဖြူအထက အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၄

ခနဲ့ဖြူမြို့ အထက ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ခနဲ့ဖြူမြို့ အထက တော‌ဇ ခန်းမတွင် ကျင်းပမည်ဖြစ်ပြီး လှူဒါန်းပူဇော်လိုသူများသည် ဦးလှမြင့်(ရွှေဟင်္သာ) အမှတ် ၁၂၁၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ် ဖုန်း-၂၅၂၇၉၃နှင့် ဦးကံသိန်း ကျောင်းအုပ်ဆရာကြီး (အထက၊ ခနဲ့ဖြူ)တို့ထံ ထည့်ဝင်လှူဒါန်းနိုင်ကြောင်းနှင့် ပူဇော်ပွဲသို့ လိုက်ပါမည့်သူများသည် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၄

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်း စာတည်းချုပ် မောင်နှင်းဆွေစီစဉ်သည့် မှုခင်းလျှို့ဝှက်စုံထောက်ရသများပါဝင်သည့် မြင်ကွင်းစုံမဂ္ဂဇင်းကို ၂၀၀၃ နိုဝင်ဘာလအတွက် ပန်းလက်ဆောင်စာပေမှ ဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

(က-ပ)

အထက (၅) အလုံ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၄

အလုံ အထက (၅) ကျောင်းသား၊ ကျောင်းသူများ၏ ပဌမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၃ ရက်(တနင်္ဂနွေ) နေ့ မွန်းတည့် ၁၂ နာရီတွင် အထက(၅)အလုံ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ကိုမြင့်သိန်း ဖုန်း-၇၀၈၀၈၇၊ ကိုဝင်းသူ ဖုန်း-၂၁၀၆၉၄၊ ကိုအေးကြည် ဖုန်း-၂၁၁၁၃၈၊ ကိုဇော်မြင့် ဖုန်း-၅၀၁၂၅၉၊ ၇၂၆၄၄၈၊ မလှမျိုးနွယ် ဖုန်း-၂၂၆၀၆၃တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ပူဇော်ကန်တော့ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

7 Day ဂျာနယ် အတွဲ (၂) အမှတ် (၃၄) ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို အိန္ဒိယက တိုးမြှင့်ဆောင်ရွက်သွားမည်ဟု အခိုင်အမာပြောကြား၊ ပုဂံနှင့် ဗန်ကောက်အကြား ပီဘီအဲယားလေကြောင်း ပျံသန်းမှုစတင်၊ မြန်မာနိုင်ငံကို ဖြတ်သန်းကာ အိန္ဒိယမှ ဗီယက်နမ်ဟန္နိုင်သို့ ကားပြိုင်ပွဲကျင်းပမည်၊ လိပ်ကျောက်အရေခွံအစိုများထိုင်းနိုင်ငံပို့ပြီး အပါအဝင် ပြည်တွင်း မျက်မှောက်ရေးရာ သတင်းဝေဝေဆာဆာဖြင့် 7 Day News ဂျာနယ် ထွက်ရှိနေပြီဖြစ်သည်။

(အပေါ်ယာပုံ)

ကွင်းဆက်လူသတ်သမားက အမျိုးသမီး ၄၈ ဦးကို သတ်ခဲ့ကြောင်းဝန်ခံ၊ ကွန်ပျူတာဗိုင်းရပ်စ်သမား သတင်းပေးသူ ဒေါ်လာငါးသန်းရမည် စသော နိုင်ငံတကာသတင်းများ၊ ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ အားကစားသတင်း စုံလင်စွာဖြင့် e-Empire Media House၊ ဖုန်း-၇၀၃၈၀၃ က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။

(က-ပ)

မိတ္တူကူးစက်များ ဈေးနှုန်းမှန်ဝယ်ယူနိုင်

ရန်ကုန် နိုဝင်ဘာ ၁၄

Success Copier Group Ltd မှ မိတ္တူကူးစက် (Fully Remanufacture 220V) မျိုးစုံနှင့် အပိုပစ္စည်း (Spareparts) မျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချ ပေးလျက်ရှိသည်။

စိတ်ဝင်စားသူများ Success Copier Group Ltd အမှတ် (၂၇၇/၀၁/၀၂) (မြေညီထပ်) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (အာရှပလာဇာ) ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၂၅၄၄၂၅၊ ၂၅၄၄၂၆၊ Ext-၃၁၀နှင့် မန္တလေးမြို့ Myanmar Computer Company Ltd ရတနာပုံဈေး ရုံအမှတ်(ဒီ) ဒုတိယထပ် ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၈၆၃၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပါရမီမဂ္ဂဇင်း ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၄

ပုဂ္ဂိုလ်ထူးပါရမီ၊ ကြည်ညိုခြင်းပါရမီ၊ ကိုယ်တွေ့ပါရမီ၊ ကျင့်စဉ်ပါရမီ၊ ဝိပဿနာပါရမီ၊ အမေးအဖြေပါရမီ၊ ဆေးနည်းပါရမီ၊ ဆေးမြီးတိုပါရမီ၊ ဗဟုသုတပါရမီပါရှိပြီး ပါရမီမဂ္ဂဇင်းတိုက် အမှတ် ၂၃၃၊ ၂၉လမ်း ဖုန်း-၂၄၂၂၈၄ က ဖြန့်ချိလိုက်သည်။

(ဝဲပုံ) (က-ပ)

ရက်တို အဆိုသင်တန်း တက်ရောက်နိုင်

ရန်ကုန် နိုဝင်ဘာ ၁၄

ဂီတဝါသနာရှင် မျိုးဆက်သစ်များအတွက် ရက်တိုတိုအတွင်း အဆိုတတ်အောင် သင်ကြားပေးနေသော ဦးဂျော်နီ၏ အဆိုသင်တန်းကို ဝါကျွတ်ကာလ အထူးအစီအစဉ်ဖြင့်အမှတ်(၅၀) ၅ လွှာ သတိပဋ္ဌာန်လမ်း တာမွေ ရန်ကုန် ဖုန်း- C/O-၅၄၀၅၄၆ ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းသို့ အဆိုဝါသနာရှင်များ တက်ရောက်နိုင်ရန် သက်သာသော သင်တန်းကြေး သတ်မှတ်ထားပြီး စင်တင်အဆိုရှင် ဖြစ်လိုသူများနှင့် တေးစီးရီးခွေ စီစဉ်လိုသူများ အတွက် အသံပိုင်းဆိုင်ရာ အထူးဆောင်ရွက်ပေးမည့်အပြင် အမြို့မြို့အနယ်နယ်၏ စင်တင် အဆိုရှင်နေရာသို့ ဝင်ရောက်နိုင်ရေးအတွက် ကူညီပေးမည့် အစီအစဉ်များ ပြုလုပ်ထားကြောင်း သိရသည်။

(က-ပ)

အာစရိယ ပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၄

